# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၀၁၅)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# မြန်မာ-ရုရှား-ဘယ်လာရုစ် (၃) နိုင်ငံ ပူးပေါင်းဖျော်ဖြေတင်ဆက်မှုအခမ်းအနားကျင်းပ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကြည့်ရှုအားပေး

### ဖျော်ဖြေတင်ဆက်မှု ကြည့်ရှုအားပေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာ-ရုရှား-ဘယ်လာရုစ်(၃) နိုင်ငံ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အခမ်းအနားတွင် အနုပညာရှင်များ၏ ကပြဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။






နေပြည်တော် အောက်တိုဘာ ၁၄

မြန်မာ-ရုရှား-ဘယ်လာရုစ် (၃) နိုင်ငံ ပူးပေါင်းဖျော်ဖြေတင်ဆက်မှုအခမ်းအနားအား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Polytechnic University ၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင်အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander AZIZOV ၊ မြန်မာ-ရုရှားချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovskiy ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှတာဝန်ရှိသူများ၊ ရုရှားနိုင်ငံနှင့်ဘယ်လာရုစ်နိုင်ငံတို့မှ ဖျော်ဖြေရေးအဖွဲ့များ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❊




မြန်မာ့အလင်း

# မိမိတို့၏လက်များမှတစ်ဆင့် ကျရောက်လာနိုင်သည့်အန္တရာယ်များ လက်ဆေးခြင်းဖြင့် ကြိုတင်ကာကွယ်

လက်ဆေးခြင်းက ရောဂါတော်တော်များများကို လက်ဆေးသူထံ ကူးစက်မခံရစေရန် ကာကွယ်ပေးနိုင်သည်။ ရောဂါကို မဖြစ်မီ ကြိုတင်ကာကွယ်ခြင်းသည် ဖြစ်ပြီးမှကုသခြင်းထက် များစွာပို၍အကျိုးကြီးသည်။ လက်ကို ဆပ်ပြာ၊ ရေတို့ဖြင့် သန့်ရှင်းစင်ကြယ်အောင် ဆေးကြောပေးခြင်းသည် လွန်စွာရိုးရှင်းလွယ်ကူသည့် ရောဂါကာကွယ်နည်းတစ်ခုဖြစ်သော်လည်း အမှတ်မထင်၊ အလေးမထားသူ၊ ဂရုတစိုက်ကျင့်သုံးမှု မရှိသူတို့ များပြားလွန်းလှသည်။ သို့ဖြစ်ရာ ကမ္ဘာတစ်ဝန်း လက်သန့်ရှင်းရေးကို အလေးထားဆောင်ရွက်ကြရေးအတွက် နှစ်စဉ်အောက်တိုဘာလ ၁၅ ရက်နေ့တွင် လက်ဆေးကြောရေး လှုပ်ရှားမှုများဖြင့် သတိပေးတိုက်တွန်းနှိုးဆော်လျက်ရှိသည်။

လက်ကိုဆပ်ပြာ၊ ရေတို့ဖြင့် ဆေးကြောပေးခြင်းက ရောဂါများကို ကာကွယ်နိုင်သည်ဟု ဆိုရာတွင် ဝမ်းပျက်ဝမ်းလျှော ရောဂါများ၏ ၂၃ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်း၊ အအေးမိနှင့် တုပ်ကွေးကဲ့သို့သော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၏ ၁၆ ရာခိုင်နှုန်းမှ ၂၁ ရာခိုင်နှုန်းနှင့် အစားအစာကြောင့်ဖြစ်သည့် ရောဂါများ၊ မျက်လုံးနှင့် အရေပြားပိုးဝင်သည့်ရောဂါများ ဖြစ်ပွားမှုကို လျှော့ချပေးနိုင်ခြင်းဖြစ်သည်ဟု ဆိုသည်။

နေရာတကာကို ထိတွေ့ကိုင်တွယ်ထားသည့် မိမိလက်က မိမိကို ပြန်၍ အကြီးအကျယ်အန္တရာယ်ပြုနိုင်ကြောင်း သတိထားမိသူနည်းသည်။ လက်မသန့်ရှင်းသူတစ်ယောက်က ချက်ပြုတ်ပြင်ဆင်ပေးလိုက်သည့်အစားအသောက်က မိသားစုတစ်စုလုံးကို ဒုက္ခပေးနိုင်သည်။ အကယ်၍ လက်မသန့်ရှင်းသူသည် အစားအသောက်ရောင်းချသူဖြစ်မည်ဆိုလျှင် ၎င်းထံမှ ဝယ်ယူစားသောက်သူအများအပြား အန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသည်။

လက်တွင် ကပ်ပါလာနိုင်သည့် မစင်အညစ်အကြေး (တစ်ဂရမ်)တွင် လူကိုသေစေနိုင်သည့် ဗိုင်းရပ်စ်ရောဂါပိုး ၁၀ သန်းခန့်၊ ဗက်တီးရီးယားရောဂါပိုးတစ်သန်းခန့်၊ သန်ကောင်နှင့် ဝမ်းကိုက်ပိုးကဲ့သို့ ကပ်ပါးရောဂါပိုး ၁၀၀၀ ခန့်၊ သန်ဥကဲ့သို့သော ကပ်ပါးရောဂါပိုးဥ ၁၀၀ ခန့် ပါဝင်နေသည်။ အဏုကြည့်မှန်ဘီလူးဖြင့် ကြည့်မှသာ မြင်တွေ့နိုင်မည့် အဆိုပါအညစ်အကြေးများသည် လူအများကိုင်တွယ်လေ့ရှိသည့် အရာဝတ္ထုများ၊ နေရာများတွင် ကပ်ငြိနေကြသည်။ ငွေစက္ကူများ၊ တံခါးလက်ကိုင်များ၊ လှေကားလက်ရန်းများ၊ စားပွဲကုလားထိုင်များ၊ ပန်းကန်ခွက်ယောက်များ၊ ဖုန်းဟန်းဆက်များ စသည်တို့တွင် လူ့မစင်မှ ရောဂါပိုးများစွာ တွယ်ကပ်ရှိနေနိုင်သည်။ ထိုရောဂါပိုးများက မိမိကိုယ်ရောသူတစ်ပါးကိုပါ ကူးစက်နိုင်သည်။

သို့ဖြစ်ရာ အစာမစားမီ၊ အစားအစာများကိုမကိုင်တွယ်မီ၊ မချက်ပြုတ်မီ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြရန်၊ အိမ်သာအထွက်တွင် လက်ကိုဆပ်ပြာဖြင့် မဖြစ်မနေစင်ကြယ်အောင်ဆေးကြောရန်၊ ကလေးအညစ်အကြေး၊ အခြားသော အညစ်အကြေးများနှင့် အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်တွင်လည်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်အောင် ဆေးကြောကြရန် တိုက်တွန်းလိုသည်။

လက်ကိုဆပ်ပြာဖြင့် သန့်ရှင်းအောင်ဆေးကြောသည်ဟု ဆိုရာတွင် လက်ဖဝါး၊ လက်ဖမိုး၊ လက်သည်းများကြား၊ လက်မ၊ လက်ကောက်ဝတ်တို့ကို ဆပ်ပြာဖြင့် သေချာစွာအချိန်ယူ ပွတ်တိုက်ဆေးပြီး သုံးရေသန့်ဖြင့် ရေလောင်းချစေရန်၊ ရေဇလုံတွင် နှစ်၍ မဆေးရန်၊ တစ်ယောက်သုံးပြီးသောရေကို နောက်တစ်ယောက် ထပ်မံမဆေးကြောရန် ကျန်းမာရေးပညာရှင်များက အသိပေးထားသည်။

မိမိတို့ မြန်မာလူမျိုးများ၏ လက်ဆေးသည့်ဓလေ့မှာ လွန်စွာအားနည်းလှသည်ဟု သုတေသနပြုမှုအရ သိရှိရသည်။ အိမ်သာမှထွက်လာသည့်လူ ၁၀၀ တွင် ၂၀ ခန့်ကသာ လက်ဆေးရန် အသိရှိကြပြီး ကျန် ၈၀ က ဆေးကြောခြင်းမရှိကြ။ ထိုသူတို့၏ လက်များသည် ၎င်းတို့ကိုယ်တိုင်အတွက်ရော၊ ၎င်း၏မိသားစုနှင့်အခြားဆက်စပ်နေသူများအတွက်ပါ ရောဂါပိုးဖြန့်ဝေနေသည့်လက်များ၊ အန္တရာယ်ကြီးသည့်လက်များ ဖြစ်နေကြသည်။

မိမိတို့၏လက်များကို မိမိတို့ကိုယ်တိုင် တာဝန်ယူဆေးကြောကြရေး၊ မိမိတို့၏ သားငယ်သမီးငယ်များကို လက်ဆေးသည့် အလေ့အကျင့်ပျိုးထောင်ပေးရေးအတွက် ကမ္ဘာ့လက်ဆေးကြောရေးနေ့တွင် တိုက်တွန်းဆော်ဩလိုက်ရပါကြောင်း။ ။

# ဒီပါဝလီနေ့ ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်) တနင်္လာနေ့သည် "ဒီပါဝလီနေ့" ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၏ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၉၀/၂၀၂၅ ဖြင့် ကြေညာထားသည်။

**၁၄ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅၉၉၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Fara Myanmar EV Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅ - ၁၀ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၃၀ | ၂၈၄၀ | ၂၈၁၀ | ၂၇၆၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၈၀ | ၂၈၀၀ | ၄၅၀၅ | ၃၀၉၅ | ၂၈၀၅ | ၂၈၅၇ | ၂၈၉၀ | ၂၈၅၅ | ၂၈၇၅ | ၃၁၃၀ |
| 95 Ron | ၂၈၀၀ | ၂၉၁၅ | ၂၈၈၀ | ၂၈၁၅ | ၂၉၂၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၇၀ | ၄၅၆၀ | ၃၁၆၅ | ၂၈၉၀ | ၂၉၂၂ | ၂၉၆၀ | ၂၉၂၅ | ၂၉၄၅ | ၃၂၁၅ |
| HSD (500 ppm) | ၂၅၁၅ | ၂၆၁၅ | ၂၅၈၅ | ၂၅၃၅ | ၂၆၂၅ | ၂၆၄၀ | ၂၆၅၅ | ၂၅၇၅ | - | ၂၈၆၅ | ၂၅၉၀ | ၃၁၉၆ | ၂၆၆၅ | ၂၆၂၅ | ၂၆၅၀ | ၂၉၁၅ |
| HSD (50 ppm) | ၃၀၅၀ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၁၅ | ၃၁၂၀ | ၄၈၃၀ | ၃၄၁၅ | ၃၁၄၀ | ၃၂၀၈ | ၃၂၀၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၀ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၁၅ | ၃၁၂၀ | - | ၃၄၁၅ | ၃၁၄၀ | ၃၂၀၈ | ၃၂၀၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၆၈ | ၂၆၅၃ |
| 95 Ron | ၂၆၃၆ | ၂၇၂၃ |
| HSD (500 ppm) | ၂၃၄၉ | ၂၄၂၅ |
| HSD (50 ppm) | ၂၈၈၀ | ၂၉၆၇ |
| HSD (10 ppm) | ၂၈၈၀ | ၂၉၆၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ


မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီဆွေ၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

**(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



※ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် **"ယဉ်ကျေးမှုဖလှယ်မှုမှသည် ချစ်ကြည်ရင်းနှီးမှုများဆီသို့"** Video Clip ကိုကြည့်ရှုကြသည်။

ထို့နောက် ရုရှား-မြန်မာချစ်ကြည်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌက မိတ်ဆက်စကားပြောကြားပြီး ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေမည့် အနုပညာရှင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်အား စတင်ကျင်းပရာ ဘယ်လာရုစ်နိုင်ငံမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်ဝန်ထမ်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်ဝန်ထမ်းများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးနိုင်ငံသံရုံးမှ ဝန်ထမ်းများက "ရုရှားနှင့်ဘယ်လာရုစ်-သွေးရင်းအစ်ကိုညီရင်းနှမ (Two Rus's– Belarus and Russia, Two Sisters)" တေးသီချင်း၊ "ခေါင်းလောင်းသံ (Bells)" တေးသီချင်း၊ "နန်းသိင်္ဂီ"နန်းတွင်းယိမ်းအက၊ "The River Flows" တေးသီချင်း၊ "ဘော်ဒကာတစ်ခွက်နဲ့နှုတ်ဆက်မယ်"တေးသီချင်း၊"ပန်းပုသူဇာ" တေးသီချင်း၊ "မျက်ဝန်း(My eyes)" တေးသီချင်း၊ "လယ်ဘယ်ဒူးရှ်ကာ (Lebedushka)" အက၊ "မနော ကြည်ချိုမြ ဗျောစည်တိုအက" ၊ "ကျူးလစ်ပန်း (Tulips)" တေးသီချင်း၊ "ဒို့ရွာနီ (Red Sloboda)" တေးသီချင်း၊ "မြိုင်ဆိုင်မြူးကြွမင်းသားအက"၊ "ဩော်တံစဉ် ကျွန်တော်တံစဉ် (Oh, My Scythe)" တေးသီချင်း၊ "ကာလင်ကာ (Kalinka)" အက၊ " Belarus and Myanmar" တေးသီချင်း၊ "မြန်မာ" တေးသီချင်း၊ "သင်္ကြန်"တေးသီချင်း၊ "Kupalinka" တေးသီချင်း၊ "St. Petersburg and Myanmar" တေးသီချင်း၊ "ပုဂံ"တေးသီချင်း၊ "အတူရှိမယ် မြန်မာ (We are With You Myanmar)" တေးသီချင်း၊ "မြန်မာဟေ့" တေးသီချင်း၊ "ကာကျူးရှာ(Katush)" တေးသီချင်း၊ "အမိမြေ(Matushka Zemnya Mother Land)" တေးသီချင်း၊ "Love Me" တေးသီချင်း၊ "ပန်းရောင်စုံ (All the Flowers)" တေးသီချင်းနှင့် "တောင်းဆုခြွေ( I want to wish)"တေးသီချင်းတို့ဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သီဆိုဖျော်ဖြေခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့မှ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် ဘယ်လာရုစ် တေးဂီတအဖွဲ့ခေါင်းဆောင်တို့က ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။

ယင်းနောက် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့်ဘယ်လာရုစ် တေးဂီတအဖွဲ့ခေါင်းဆောင်တို့က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌထံ ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင်၊ စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌက မြန်မာနိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဖျော်ဖြေရေးအဖွဲ့များနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မြန်မာ-ရုရှား-ဘယ်လာရုစ် (၃) နိုင်ငံ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အခမ်းအနားတွင် အနုပညာရှင်များ၏ ကပြဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

## ပန်ဆောင်မြို့၌ MEVM မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းပညာဆိုင်ရာ အထောက်အကူပြုသင်တန်းဖွင့်

**ပန်ဆောင် အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး MEVM မဲပေးစက် စာတွေ့လက်တွေ့ ကိုင်တွယ်အသုံးပြုနည်းပညာဆိုင်ရာ အထောက်အကူပြု သင်တန်းဖွင့်ပွဲကို ယမန်နေ့က ပန်ဆောင်မြို့ နယ်စပ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပန်ဆောင်မြို့ MEVM မဲပေးစက်ကြီးကြပ်မှုကော်မတီ နန်းယွန်းမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဘာမန်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာအီလက်ထရောနစ်မဲပေးစက်ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးစီးအရာရှိဦးနှစ်သစ်ကူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက် နည်းပညာဆိုင်ရာအထောက်အကူပြုသင်တန်း နံနက်ပိုင်း၊ ညနေပိုင်း နှစ်ဖွဲ့ခွဲ၍ သင်တန်းစတင်ကာ နံနက်တွင် သင်တန်းသားသင်တန်းသူ ၈၄ ဦးတို့အား သင်တန်းနည်းပြများက သင်ကြားပို့ချလျက်ရှိသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဒုတိယအုပ်ချုပ်ရေးမှူး ဦးဘာမန်နှင့်အဖွဲ့ဝင်များ၊ မြို့ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ပန်ဆောင်(ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော် ဧည့်ဂေဟာ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander AZIZOV နှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ကြသည်။





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

## ◆ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူငယ်ကဏ္ဍ၊ ဆောက်လုပ်ရေးနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ တို့သည် အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန်ပေးအပ် ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ Napalkov Cancer Centre မှ Professor Dr. Moiseyenko ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့လာရောက်

**နေပြည်တော် အောက်တိုဘာ ၁၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ Napalkov Cancer Centre မှ ကင်ဆာရောဂါအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဗလာဒီမာမိုရီ ဆေးယန်ကိုနှင့်အဖွဲ့သည် အောက်တိုဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းအေး နှင့် သက်ဆိုင်ရာဘာသာရပ်အသီးသီးမှ ပါမောက္ခများ နှင့် အထူးကုဆရာဝန်ကြီးများက ကြိုဆိုခဲ့သည်။

ရှေးဦးစွာ ၂၀၂၄ ခုနှစ် ဇွန်လတွင် စိန့်ပီတာစဘတ်မြို့ Napalkov Cancer Centre ၌ မျက်လုံးကြွက်သား ကင်ဆာကို ခွဲစိတ်ကုသမှုခံယူခဲ့သော ပုသိမ်မြို့နေ (၂၂) နှစ်အရွယ် အမျိုးသားလူနာအား တွေ့ဆုံခဲ့ပြီး ရောဂါတိုးတက်မှု အခြေအနေများအား ကြည့်ရှုရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခအထူးကုဆရာဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အဆိုပါ လူနာမှာ ကျန်းမာရေးကောင်းမွန် တိုးတက်လျက်ရှိသည်။ ထို့နောက် အထွေထွေခွဲစိတ်ကုဌာန၊ ကင်ဆာဆေးကုဌာနနှင့် ဓာတ်ရောင်ခြည်ကုဌာနများမှ ကင်ဆာရောဂါ ခံစားနေရသော သံဃာတော် တစ်ပါး အပါအဝင် လူနာ ခုနစ်ဦးကို ကြည့်ရှုစစ်ဆေး၍ လူနာများအတွက် ပိုမိုသင့်တော်ကောင်းမွန်သည့် ကုထုံးများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ အထူးကုဆရာဝန်ကြီးနှင့် ဆွေးနွေးတိုင်ပင်ကြသည်။ ဆက်လက်၍ ခုနစ်ထပ်ဆောင်သစ် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးက ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လူနာများအား ကုသပေးနေမှု အခြေအနေ၊ ပါမောက္ခ / ဌာနမှူး(ကင်ဆာဆေးကု) ဒေါက်တာ ဖြူဖြူသိမ့်က ကင်ဆာဝေဒနာရှင်များအား ဆေးကုသပေးနေမှု အခြေအနေ၊ ပါမောက္ခ/ဌာနမှူး (ဓာတ်ရောင်ခြည်) ဒေါက်တာ မိုးလှိုင်က ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ အမျိုးသားကင်ဆာကုဌာန အပါအဝင် ရောင်ခြည်ဖြင့် ကုသပေးနေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် Professor Dr. Moiseyenko က "Why We Cannot Cure Cancer: The Role of Chemotherapy and Immunotherapy in Solid Tumors" ခေါင်းစဉ် ဖြင့်လည်းကောင်း၊ Dr. Tatiana Sharabura – က "Stereotactic Body Radiotherapy" ခေါင်းစဉ်ကို Video Conferencing ဖြင့်လည်းကောင်း ဆေးပညာနှီးနှောဖလှယ်ပွဲကို ကျင်းပပြုလုပ်ရာ ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေ၊ ဆေးတက္ကသိုလ်–၁ ရန်ကုန်၊ ပါမောက္ခချုပ် ဒေါက်တာ ခင်အောင်ထွန်း၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် ပါမောက္ခ(ဌာနကြီးမှူး) ပါမောက္ခ ဒေါက်တာမင်းဇော်ဦး နှင့် တက်ရောက်လာသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မင်္ဂလာဒုံ၊ ခုတင် ၅၀၀ အထူးကုဆေးရုံကြီး နှင့် အထွေထွေရောဂါကု ဆေးရုံသစ်ကြီးများမှ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီး/ငယ်များ၊ လက်ထောက်အထူးကုများနှင့် ဘွဲ့လွန်ကျောင်းသား စုစုပေါင်း ၁၂၀ တက်ရောက်၍ နှစ်နိုင်ငံကြား ကင်ဆာရောဂါဆိုင်ရာ ဆေးပညာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

## ရွေးကောက်ပွဲကျင်းပရာတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijiun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xijiun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော် ဧည့်ဂေဟာ၌ လာရောက် ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးတို့ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်နှင့် အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား ကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ NCA လက်မှတ်ရေးထိုးရာတွင် တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာမှ အသိသက်သေများပါဝင်ခဲ့မှု အခြေအနေများ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုအပေါ် အလေးထားလျက်ရှိမှု အခြေအနေများ၊ မြန်မာ-တရုတ် နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် အေးအတူပူအမျှ မဟာဗျူဟာမြောက် ဆက်ဆံရေးရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်မည့်အပေါ် တရုတ်နိုင်ငံအနေဖြင့် အားပေးထောက်ခံလျက်ရှိမှု အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) များဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijiun အား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) စက်ပြသရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းလုပ်ဆောင်မှုအဆင့်ဆင့်ကို ရှင်းလင်းပြသစဉ်။

### မဲပေးစက်လုပ်ငန်း အဆင့်ဆင့်အား ရှင်းလင်းပြသ

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်အား ရွေးကောက်ပွဲ ကျင်းပပြုလုပ်စဉ် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) စက်များအားပြသရာ ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက မဲပေးစက်၏ လုပ်ငန်းလုပ်ဆောင်မှု အဆင့်ဆင့်အား ရှင်းလင်းပြသခဲ့ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်၌ မဲစာရင်းကြေညာထားရှိမှု ကျေးရွာပြည်သူများ လာရောက်ကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၁၄**

နေပြည်တော်ကောင်စီဝင်ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးခင်မောင်လတ်သည် ယနေ့နံနက် ၉ နာရီက နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် နေပြည်တော်အတွင်းရှိ ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဟိုတယ်များတည်ဆောက်ပြုပြင်ရေးနှင့် ဟိုတယ်ဇုန်ဧရိယာ စီမံလန်းစိုပြည်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့သည် လယ်ဝေးမြို့နယ် ကန်သာကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထားမှုကို လာရောက်ကြည့်ရှုနေသည့် ကျေးရွာပြည်သူများနှင့် အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ၍ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲစာရင်းတွင် မပါဝင်သေးသူများ ပါဝင်ဆန္ဒမဲပေးနိုင်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများ မဲပေးနိုင်ရေး၊ မသန်စွမ်းသူများ မဲပေးနိုင်ရေး၊ သေဆုံးစာရင်းများမဲအမည်စာရင်းမှ ပယ်ဖျက်နိုင်ရေး စသည့်အချက်အလက်များ မှန်ကန်မှုရှိစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားရေး ရှင်းလင်းမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များသည် လယ်ဝေးမြို့နယ် ကန်လှကျေးရွာ၌ ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာမှုကို ကြည့်ရှုအားပေးကာ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ၍ မဲဆန္ဒရှင်စာရင်း လာရောက်ကြည့်ရှုရန် အသိပေးနှိုးဆော်ခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊ အခြားမိသားစုဝင်များပါ လာရောက်ကြည့်ရှု၍ လိုအပ်သည်များကို



OSS စနစ်ဖြင့် အမြန်ဆုံးကူညီဖြေရှင်းပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# အင်ဂျင်နီယာများအတွက် သတိပေးခေါင်းလောင်းသံ မန္တလေးငလျင်ကြီး

ခန့်ဇော် (ကျေးလက်)

၂၈–၃–၂၀၂၅ ရက်နေ့က လှုပ်ခတ်ခဲ့တဲ့ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးမှုတွေ၊ ဆုံးရှုံးမှုတွေ၊ သေဆုံးပျောက်ဆုံးမှုတွေ အများအပြား ဖြစ်ခဲ့ရပါတယ်။

ဖြစ်ခဲ့ပြီ။ အနာဂတ်မှာ အထိအခိုက်အနည်းဆုံးဖြစ်အောင် ဘယ်လိုသင်ခန်းစာ ရယူပြင်ဆင်ကြမလဲဆိုတာကတော့ အင်ဂျင်နီယာတွေနဲ့ မူဝါဒချမှတ်သူတွေကို မန္တလေးငလျင်ကြီးက သတိပေးလိုက်ပါပြီ၊ သတိပေးခေါင်းလောင်းသံ ပေးထားပါပြီ။

ငလျင်လှုပ်ပြီးနောက်မှာ အဆောက်အအုံတွေ ပြိုတာ၊ ပိတာ မြင်တွေ့ထားကြတော့ ငလျင်ဒဏ်သင့်ဒေသနဲ့ ဆက်စပ်တဲ့နေရာတွေက ဝန်ထမ်းတွေရော ပြည်သူတွေပါ အဆောက်အအုံပေါ် မတက်ရဲ၊ လမ်းပေါ်မှာပဲ အိပ်တာ၊ နေတာ၊ ကောလာဟလသတင်းတွေကြားရင် ဆင်းပြေးရ၊ ပြန်တက်ရတဲ့သတင်းတွေ ကြားရ၊ မြင်တွေ့ရတာလည်း အကြိမ်ကြိမ်ပါပဲ။

နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံအနေနဲ့ အမြင့်ဆုံးပြင်းအား ရစ်ခ်ျတာစကေး “၈”အထိ ငလျင်လှုပ်ခတ်ဖူးတဲ့ သာဓကရှိတာကြောင့် ငလျင်သက်ရောက်မှု လမ်းကြောင်းပေါ်မှာ အဆောက်အအုံဆောက်လုပ်မယ်ဆိုရင် ငလျင်ဒဏ်ခံနိုင်အောင် ထည့်သွင်းစဉ်းစားတွက်ချက်ပြီး ဆောက်လုပ်ဖို့နဲ့ အဆောက်အအုံဆောက်လုပ်ရာမှာ အင်ဂျင်နီယာပိုင်းဆိုင်ရာကို သေချာစိစစ်ဆောင်ရွက်ဖို့ လမ်းညွှန်ခဲ့ပါတယ်။

ဒီလမ်းညွှန်ချက်ကို ကြိုဆိုရမှာ ဖြစ်ပါတယ်။ လမ်းညွှန်ချက်ကို အားလုံးလိုက်နာဆောင်ရွက်ကြဖို့ လိုပါတယ်။ ကြီးကြပ်ရပါမယ်။ လိုက်နာရပါမယ်။ စည်းကမ်းသတ်မှတ်ချက်တွေ၊ အရည်အသွေးထိန်းချုပ်မှုတွေ လုပ်ရပါမယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တည်ဆောက်ရေးလုပ်ငန်းတွေကို ပိုမိုကြီးကြပ်ရမှာဖြစ်သလို အရည်အသွေးစစ်ဆေးခြင်းကိုလည်း ပိုမိုအလေးထား ဆောင်ရွက်ကြရပါမယ်။

မြို့ပြမှာတော့ အဆောက်အအုံတွေဆိုရင် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီတွေက ကြီးကြပ်နေကျဖြစ်ပါတယ်။ အဆောက်အအုံဆောက်ခွင့်တင်တဲ့အခါမှာ စစ်ဆေးကြပ်မတ်တာဖြစ်ပါတယ်။ ဒါပေမယ့် ဥပဒေလို မဖြစ်မနေလိုက်နာဖို့ လိုတဲ့အချက်တွေကို တိတိကျကျ ချမှတ်ထားရှိပြီး စစ်ဆေးဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ယေဘုယျအနေနဲ့ အောက်ပါအချက်တွေကို မဖြစ်မနေ ထည့်သွင်းစဉ်းစားဆောင်ရွက်ကြဖို့ လိုအပ်တယ်လို့ မြင်ပါတယ်–

(၁) Soil Test ကို သေချာစွာ စစ်ဆေးခြင်း၊

(၂) ဘယ်ငလျင်ဇုန်ထဲ ပါသလဲဆိုတာကို စိစစ်ခြင်း၊

(၃) Earthquake Zone Factor ဒီဇိုင်းမှာ ထည့်သွင်းတွက်ချက်မှုရှိ/ မရှိ စိစစ်ခြင်း၊

(၄) Myanmar National Building Code (MNBC) ပါအတိုင်း လိုက်နာဆောင်ရွက်မှု ရှိ/ မရှိ စိစစ်ခြင်း၊

(၅) တည်ဆောက်ရေးလုပ်ငန်းသုံးမယ့် ပစ္စည်းတွေ အရည်အသွေးကိုက်ညီမှု ရှိ/ မရှိ၊ ပစ္စည်း အမျိုးအစားမှန်ကန်မှု ရှိ/ မရှိ စိစစ်ခြင်း၊ (လုပ်ငန်းသုံးပစ္စည်း အရည်အသွေး ပြည့်မီမှု ရှိ/ မရှိ စစ်ဆေးဖို့ အင်မတန်အရေးကြီးပါတယ်။ အဓိက သံချောင်းတွေ Size မမှန်ဘဲ ဈေးကွက်ထဲသွင်းထားတာ၊ သုံးနေကြတာ ရှိပါတယ်။ ဒါ့ကြောင့် ပစ္စည်းအရည်အသွေး သတ်မှတ်ချက်ပြည့်မီရေး ဘယ်လိုကြီးကြပ်ကြမလဲဆိုတာကို အဓိက ထည့်သွင်းစဉ်းစားကြရမှာ ဖြစ်သလို တင်သွင်းသူ/ထုတ်လုပ်သူရော... ကြီးကြပ်စစ်ဆေးသူတွေပါ စည်းကမ်းလိုက်နာကြဖို့ လိုအပ်ပါတယ်)၊

❖ ဒီဇိုင်းရေးဆွဲသူ၊ လုပ်ငန်းဆောင်ရွက်သူ အင်ဂျင်နီယာတွေအနေနဲ့လည်း အင်ဂျင်နီယာကျင့်ဝတ်တွေကို မမေ့မလျော့ မပေါ့မဆ လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်သလို ပညာရပ်ပိုင်းမှာ တစိုးတစိမှ အထိအခိုက် အလျော့အပါးမခံဘဲ တိကျသေချာစွာ၊ ထောင့်စေ့စွာ လိုက်နာလုပ်ဆောင်ကြဖို့ လိုအပ်ပါတယ်။ ယုံကြည်အပ်နှံခြင်းခံရသူပီသစွာ လုပ်ငန်းအပ်နှံသူတွေရဲ့ အကျိုးစီးပွား ထိခိုက်နစ်နာမှုမရှိစေရအောင် ဒီဇိုင်းတွက်ချက်မှု၊ တည်ဆောက်မှုအပိုင်းတွေ အားလုံးကို စံသတ်မှတ်ချက်နဲ့အညီ ကိုက်ညီပြည့်မီမှုရှိစွာ ဆောင်ရွက်ကြရပါမယ်

(၆) စစ်ဆေးရမယ့် အဖွဲ့အစည်းတွေအနေနဲ့ Quality Assurance (QA), Quality Control (QC) စစ်ဆေးတာ စနစ်တကျ သတ်မှတ်ချက်အတိုင်း စစ်ဆေးခြင်း၊

(၇) သက်ဆိုင်တဲ့ ဌာနတွေအနေနဲ့ မြေပြင်ကွင်းဆင်းစစ်ဆေးကြီးကြပ်ခြင်း၊ အရေးယူခြင်း၊

(၈) သက်ဆိုင်ရာက ထုတ်ပေးတဲ့ Certificate ရှိတဲ့ကျွမ်းကျင်လုပ်သားတွေ အသုံးပြုခြင်း၊ လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ သတ်မှတ် Certificate တွေ ထုတ်ပေးခြင်း၊

(၉) အင်ဂျင်နီယာကောင်စီရဲ့သတ်မှတ်ချက်၊ အရည်အချင်းပြည့်မီသူ အင်ဂျင်နီယာတွေနဲ့ တည်ဆောက်၊ ဒီဇိုင်းလုပ်ခြင်း။

အထက်ပါ ဆောင်ရွက်ဖို့ကိစ္စတွေကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအပါအဝင် ဝန်ကြီးဌာနတွေကလည်း ဆွေးနွေးပြောကြားတာ တွေ့ရပါတယ်။

စစ်ကိုင်းပြတ်ရွေ့ကြောင့် ကြီးမားပြင်းထန်တဲ့ ငလျင်လှုပ်ခဲ့မှုနဲ့ ထိခိုက်မှုကို GRADE ရဲ့ နှိုင်းယှဉ်ဖော်ပြချက်မှ Magnitude 7 နဲ့ အထက်လှုပ်ခတ်ခဲ့တဲ့ ငလျင်တွေကို အောက်ပါအတိုင်း တွေ့ရှိရပါတယ်–

| ခုနှစ် | တည်နေရာ | Magnitude | Max.MMI | သေဆုံးသူအရေအတွက် |
|---|---|---|---|---|
| ၁၈၃၉ | အင်းဝ၊ မန္တလေး | ၇.၉–၈.၃ | XI | ၅၀၀ ကျော် |
| ၁၉၀၈ | ကချင်ပြည်နယ် | ၇.၂ | VII | – |
| ၁၉၃၀၊ မေ | ပဲခူး၊ ရန်ကုန် | ၇.၄ | IX | ၅၅၈ ဦးကျော် |
| ၁၉၃၀၊ ဒီဇင်ဘာ | ဖြူး | ၇.၃ | VII–IX | ၃၆ ဦး |
| ၁၉၃၁ | ကချင်ပြည်နယ် (မြစ်ကြီးနား၊ ကာမိုင်းလျင်) | ၇.၆ | IX | – |
| ၁၉၄၆၊ စက်တင်ဘာ | တကောင်း | ၇.၁ | VII | – |
| ၁၉၄၆၊ စက်တင်ဘာ | တကောင်း | ၇.၆ | – | – |
| ၁၉၉၁ | သပိတ်ကျင်း | ၇.၀ | VII+ | ၂ |
| ၂၀၂၅ | မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော် | ၇.၇ | IX | ၃၅၀၀ ကျော် |

မြန်မာနိုင်ငံအတွင်း ငလျင်လှုပ်ခဲ့မှုဇယားကို လေ့လာကြည့်ရင် ၁၈၃၉ ခုနှစ်ကနေ ၁၉၀၈ ခုနှစ်အကြား ၆၉ နှစ်၊ ၁၉၀၈ ခုနှစ်မှ ၁၉၃၀ ပြည့်နှစ်အကြား ၂၂ နှစ်၊ ၁၉၃၀ ပြည့်နှစ်တွင် တစ်နှစ်အတွင်း (မေလနှင့် ဒီဇင်ဘာလ)၊ ၁၉၃၀ ပြည့်နှစ်မှ ၁၉၃၁ ခုနှစ်အကြား တစ်နှစ်၊ ၁၉၃၁ ခုနှစ်မှ ၁၉၄၆ ခုနှစ် အကြား ၁၅ နှစ်၊ ၁၉၄၆ ခုနှစ် တစ်နှစ်အတွင်း (စက်တင်ဘာလ၊ ၁၂ ရက်နေ့ အချက်အလက်တွေအရ Magnitude ၇ ဒသမ ၁ လှုပ်ခတ်ခဲ့ပြီး ၃ မိနစ်ခန့်အကြာ Magnitude ၇ ဒသမ ၆ ငလျင်လှုပ်ခဲ့ပါတယ်။) ၁၉၄၆ ခုနှစ်မှ ၁၉၉၁ ခုနှစ်အကြား ၄၅ နှစ်နှင့် ၁၉၉၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အကြား ၃၄ နှစ် ကွာခြားပြီး လှုပ်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။

လေ့လာတွေ့ရှိချက်တွေအရ Magnitude ၇ အထက် ငလျင်ကြီးတွေ လှုပ်ခတ်ခဲ့တာဟာ တစ်နှစ်အတွင်း၊ တစ်နှစ်အကြာ၊ ၁၅ နှစ်အကြာ၊ ၂၂ နှစ်အကြာ၊ ၄၅ နှစ်အကြာနဲ့ ၆၉ နှစ်အကြာတွေမှာ လှုပ်ခတ်ခဲ့တာ ဖြစ်ပါတယ်။ ငလျင်ဇုန်အတွင်းမှာ ရှိနေတာကြောင့် ငလျင်က လှုပ်ချင်တဲ့အချိန်မှာ လှုပ်ခတ်နိုင်ပြီး ဘယ်အချိန်၊ ဘယ်လိုလှုပ်မယ်ဆိုတာကို ကြိုတင်သိရှိနိုင်ခြင်းမရှိတာ သေချာပါတယ်။

ကြိုတင်ပြင်ဆင်မှုတွေသာ လုပ်ဆောင်ထားကြရမှာဖြစ်ပါတယ်။ ဘာတွေကြိုတင်ပြင်ဆင်ကြမလဲ။ ငလျင်ဇုန်အတွင်း တည်ဆောက်တဲ့ အဆောက်အအုံတိုင်း သတ်မှတ်ငလျင်ဒဏ်ခံနိုင်အောင် တည်ဆောက်ဖို့၊ Checking လုပ်ဖို့၊ အင်ဂျင်နီယာနဲ့ တည်ဆောက်ဖို့၊ တာဝန်ရှိသူတွေ ကြီးကြပ်ဖို့၊ စစ်ဆေးဖို့၊ လိုအပ်ရင် ပြင်ဆင်ဖို့၊ လိုအပ်ရင် အရေးယူဖို့တွေဖြစ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ပြည်သူတွေရဲ့ အသက်အိုးအိမ်ကို ငလျင်ဒဏ်ကနေ ကာကွယ်စောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။

### ဈေးကွက်အတွင်းမှ စံချိန်စံညွှန်းမမီ အရည်အသွေးမမှန်ပစ္စည်းများ

ဈေးကွက်အတွင်းမှာ စံချိန်စံညွှန်းနဲ့ မကိုက်ညီတဲ့ ပစ္စည်းတွေရှိနေတာ၊ တင်သွင်းနေတာဟာ မှာယူသူတွေက သီးခြားသတ်မှတ် မှာယူတင်သွင်းနေလို့ဖြစ်သလို သုံးစွဲသူတွေကလည်း သုံးနေလို့ပဲဖြစ်ပါတယ်။ စံချိန်စံညွှန်းမမီတဲ့ ပစ္စည်းတွေကို ဈေးကွက်အတွင်း တရားဝင်တင်သွင်းခွင့် ပိတ်တာမျိုး၊ သွင်းလာတာကို ဆိပ်ကမ်းမှာ စိစစ်တွေ့ရှိခဲ့ရင် နိုင်ငံပိုင်သိမ်းတာမျိုးအပြင် တင်သွင်းလာတဲ့ ကုမ္ပဏီကို အရေးယူတာမျိုး ဆောင်ရွက်သွားကြရပါမယ်။ စိစစ်သူတွေကလည်း သတ်မှတ်ချက်တွေနဲ့အညီ မှန်မှန်ကန်ကန် စစ်ဆေးဆောင်ရွက်သွားကြရပါမယ်။ သုံးစွဲသူတွေ သတ်မှတ်စံချိန်စံညွှန်းအတိုင်း သုံး/မသုံးကိုလည်း တာဝန်ရှိတဲ့ဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင် သာယာရေးကော်မတီတွေ၊ သက်ဆိုင်ရာ စစ်ဆေးရေး အင်ဂျင်နီယာတွေက စိစစ်စစ်ဆေးဖော်ထုတ် အရေးယူခြင်းတွေ ဆောင်ရွက်သွားကြရပါမယ်။

ယခင်က အမှားတွေကိုထားလိုက်တော့။ ယခုမန္တလေးငလျင်ကြီးအပြီးမှာတော့ ယခင်က အမှားတွေကို သင်ခန်းစာယူပြီး အစစအရာရာ ပြန်လည်ပြင်ဆင်သွားကြရပါမယ်။ အမိန့်ညွှန်ကြားချက်တွေ ထုတ်ပြန်ပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်ကြရပါမယ်။ ပညာရှင်တွေ၊ အင်ဂျင်နီယာကောင်စီနဲ့ အင်ဂျင်နီယာအသင်းတို့က အကြံပြုချက်တွေပေးခြင်း၊ စည်းကမ်းသတ်မှတ်ခြင်းတွေ ပါဝင်ဆောင်ရွက်ပေးစေလိုပါတယ်။ လုပ်ဆောင်နေကြတာလည်း တွေ့ရပါတယ်။ တာဝန်ရှိတဲ့ဌာန အားလုံးက လိုက်ပါဆောင်ရွက်ကြီးကြပ်မယ်ဆိုရင် အားလုံးပြည့်စုံသွားမှာပါ။

### ငလျင်ဇုန်နှင့် စည်းကမ်း

ငလျင်ဇုန်ကိုသိရှိပြီး ဇုန်အတွင်း အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းတွေ၊ အခြေခံ အဆောက်အအုံတွေဖြစ်တဲ့ လမ်း/တံတားတွေ၊ လျှပ်စစ်လိုင်းတွေ၊ အများပြည်သူပိုင် အဆောက်အအုံတွေဖြစ်တဲ့ စာသင်ကျောင်း၊ ဆေးပေးခန်းတွေ ဆောက်လုပ်ရာမှာ ငလျင်ဒဏ်ခံနိုင်စေဖို့နဲ့ ဖြစ်လာရင် ထိခိုက်မှုနည်းပါးစေဖို့အတွက် အောက်ပါနည်းလမ်းတွေအတိုင်း ဆောင်ရွက်သင့်တယ်လို့ အကြံပြုလိုပါတယ်–

(က) ပါဝင်တဲ့ ဇုန်အခြေအနေအလိုက် Earthquake Zone Factor အရ Myanmar National Building Code(MNBC) ပါ ဆောင်ရွက်ရန်၊ လိုက်နာရန်များကို Design မှာ စဉ်းစားဆောင်ရွက်ခြင်း၊

( ခ ) အင်ဂျင်နီယာကောင်စီ သတ်မှတ်အရည်အချင်းပြည့်မီသူကသာ Design ရေးဆွဲခွင့်ရှိခြင်း၊ သတ်မှတ်အရည်အချင်းပြည့်မီသူ အင်ဂျင်နီယာများကသာ ကြီးကြပ်ဆောက်လုပ်ခြင်း၊

( ဂ ) Design အတိုင်း ဆောက်/မဆောက် သတ်မှတ်အရည်အချင်း ပြည့်မီသူ အင်ဂျင်နီယာများက စစ်ဆေးသည့်စနစ် ထားရှိခြင်း၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကိုသာ အသုံးပြုတည်ဆောက်ခြင်း၊

(ဃ) လုပ်ငန်းပမာဏ အကြီးအသေးအပေါ် မူတည်ပြီး အကြံပေးခန့်ထားခြင်း၊ ကြီးကြပ်သည့်စနစ် ထားရှိခြင်း၊

စာမျက်နှာ ၇ သို့

# ငြိမ်းချမ်းရေးလမ်း ပန်းမွေ့ရာ

❒ အစဉ်အားအင် အလင်းဖြာ၊ ဝန် အပြိုင်ထမ်းပါတဲ့
ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းရယ်တို့
တစ်ဝမ်းတည်း အတူတူဖွားပါပဲ
တစ်လမ်းတည်း အတူတူသွားတဲ့ပြင်
အတူတူစား အတူတူနေထိုင်လာရင်း
အခြေခိုင်မာ တစ်သွေးတစ်သားတွေမို့
ဘေးစကားဆို အလေးမထားပါဘူး
သွေးစကားကို အရေးထားတယ်
ဘိုးဘွားအစဉ်အဆက်ရဲ့ ထားရစ်အမွေ။
(သားချင်းတို့ရေ…)
နီးကြားအမြင်ထက်တဲ့ အားသစ်ဝေ။
❒ ပဝေသဏီ ရှေ(ရှည်)ကြာလှပြီပေါ့
အခြေတည် နေလာကြတာက
နှစ်ပရိစ္ဆေဒ မရေမတွက်နိုင်ဘူး
ဆွေဆက်တိုင် သက်ကြာကင်းပါရဲ့
ရှေ့လက်ခိုင် အစဉ်အလာမယွင်းပါဘဲ
ရိုင်းပင်း ဖေးမကူလို့
အေးမှုအတူ တည်ထောင်ပြုနေတဲ့
ပြည်ထောင်စုကြီး တက်နေပမာသို့
ကျက်သရေဖြာ စည်သာမွေးပါပေ့
အခက်အလက်ဝေကာ ပြည်ရွာအရေးမှာလည်း
အေးချမ်းတဲ့မြေ။
❒ အရေးထဲမှာလ
သွေးခွဲကာ သဝေထိုးလာတော့
အသရေညှိုးစရာ ကြမ္မာကြုံခဲ့
ဖန်လာပုံ ဆွေမျိုးအတွင်းကို
ခြေထိုးပင်း အငြင်းပွားရအောင်
အချင်းများကာ သံသယပွားစေဖို့
ဟန်ပြသမား မြှူဆွယ်တဲ့
စကားပရိယာယ် မမြင်သာမှိုင်းရယ်ကြောင့်
ထင်ရာစိုင်း မိုက်သွေးဝင်လို့
မိုက်ရေးငင် မိုက်ဇာတ်ခင်းလေတော့
ပြည်တွင်းရေး ကမောက်ကမရယ်နဲ့
ကြောက်စရာ့ အခြေအနေ
ချောက်မကျစေဖို့ သတိတမံနှင့်တား။
(သားချင်းတို့ရေ)
နောက်ကျမနေဖို့ အသိဉာဏ်ဆင့်ပွား။
❒ ကိုယ့်အမြင် ကိုယ့်သဘောရယ်နှင့်
သူ့အမြင် သူ့သဘောကိုလ
နှီးနှောကာ အမြင်ဖလှယ်ရင်း
တွင်ကျယ်လာ အသိနီးတဲ့ပြင်
အမျိုးသားရေး အကြောင်းရင်းပိုင်ပိုင်နဲ့
ခေါင်းချင်းဆိုင် တိုင်ပင်ကြလေတော့
သံသယရှင်း အပြုံးပန်းဆင်လို့
နှလုံးလန်းရွှင် ပီတိလွှမ်းကာ
ငြိမ်းချမ်းရေးလမ်း ပန်းမွေ့ရာမို့
ချမ်းမြေ့သာ တလူလူအညွန့်တွေနဲ့
ဖွံ့ဖြိုးစည်ကား။ ။

ရေနံ့သာမောင်ကျော်ညွန့်

NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုပါသည်။ ]

*စာမျက်နှာ ၆ မှ*

( င ) သတ်မှတ်စံချိန်စံညွှန်း မပြည့်မီသည့် တည်ဆောက်ရေးလုပ်ငန်းများကို စိစစ် ဖော်ထုတ်ခြင်း၊ ခွင့်ပြုချက်မပေးခြင်း၊ တည်ဆောက်သည့် ကုမ္ပဏီအလိုက် မှတ်တမ်းထားရှိခြင်းနှင့် တာဝန်ယူ/ တာဝန်ခံမှု၊ စည်းကမ်းလိုက်နာမှု၊ ကျင့်ဝတ်လိုက်နာမှုအပေါ် မူတည်ပြီး အဆင့်အတန်း သတ်မှတ်ထားရှိခြင်း၊

( စ ) တင်ပြချက် အထောက်အထား၊ စာရွက်စာတမ်း ပြည့်စုံသော်လည်း တည်ဆောက်စဉ် စစ်ဆေးမှုအရ လိုအပ်ချက်ရှိလျှင် စိစစ်အရေးယူတဲ့ Mechanism ထားရှိဆောင်ရွက်ခြင်း။

ဒီလို ဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်သူအားလုံးက ကျင့်ဝတ်တွေကို မမေ့မလျော့ လိုက်နာကြပါလို့ တိုက်တွန်းလိုပါတယ်။

**ကြီးကြပ်သူ၊ စစ်ဆေးသူအရာရှိများ/ အဖွဲ့အစည်းများ**

ကြီးကြပ်သူ၊ စစ်ဆေးသူ အရာရှိတွေ/ အဖွဲ့အစည်းတွေ၊ စစ်ဆေးရေးအဖွဲ့ဝင်တွေအနေနဲ့ ပစ္စည်းအရည်အသွေး စစ်ဆေးရာမှာဖြစ်စေ၊ တည်ဆောက်ရေးလုပ်ငန်းကို စစ်ဆေးရာမှာဖြစ်စေ အရည်အသွေး စံသတ်မှတ်ချက်နဲ့ ကိုက်ညီမှု ရှိ/မရှိကို မှန်ကန်တိကျစွာ စစ်ဆေးဆောင်ရွက်ပေးဖို့ လိုအပ်တဲ့အပြင် ကြီးကြပ်စစ်ဆေးသူတို့ လိုက်နာဖို့ ချမှတ်ထားတဲ့ကျင့်ဝတ်တွေကိုလည်း မမေ့မလျော့ လိုက်နာဆောင်ရွက်ကြဖို့ ဘယ်လိုအကြောင်းတရားကြောင့်မှ အားနည်းသွားခြင်းမရှိဖို့ လိုအပ်ပါတယ်။

**လုပ်ငန်းရှင်များ**

တည်ဆောက်သူ၊ ပစ္စည်းတင်သွင်းသူ၊ ရောင်းချသူ လုပ်ငန်းရှင်တွေအနေနဲ့လည်း စီးပွားရေးသမားတို့ လိုက်နာရမယ့် ကျင့်ဝတ်စည်းကမ်းတွေကို လိုက်နာဖို့ လိုအပ်ပါတယ်။ စီးပွားရှာရာမှာ အကျိုးအမြတ် တစ်ခုတည်းကိုသာ မကြည့်ဘဲ အများပြည်သူ အကျိုးဖြစ်ထွန်းမှုကိုပါ ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ လုပ်ငန်းလုပ်ကိုင်ရာမှာ ဖြောင့်မတ်ဖို့၊ စားသုံးသူအပေါ် စေတနာရှိဖို့၊ စာနာမှုရှိဖို့ လိုအပ်ပါတယ်။ အရည်အသွေးပြည့်မီတဲ့၊ အရည်အသွေးအာမခံချက်ရှိတဲ့ ကုန်ပစ္စည်းတွေကို တင်သွင်းခြင်းဖြင့် စားသုံးသူရဲ့ ရေရှည်အကျိုးဖြစ်ထွန်းမှုကို ရေးရှုကြရမှာဖြစ်ပါတယ်။

**အင်ဂျင်နီယာများ**

ဒီဇိုင်းရေးဆွဲသူ၊ လုပ်ငန်းဆောင်ရွက်သူ အင်ဂျင်နီယာတွေအနေနဲ့လည်း အင်ဂျင်နီယာကျင့်ဝတ်တွေကို မမေ့မလျော့ မပေါ့မဆ လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်သလို ပညာရပ်ပိုင်းမှာ တစိုးတစိမှ အထိအခိုက် အလျော့အပါးမခံဘဲ တိကျသေချာစွာ၊ ထောင့်စေ့စွာ လိုက်နာလုပ်ဆောင်ကြဖို့ လိုအပ်ပါတယ်။ ယုံကြည်အပ်နှံခြင်းခံရသူပီသစွာ လုပ်ငန်းအပ်နှံသူတွေရဲ့အကျိုးစီးပွား ထိခိုက်နစ်နာမှုမရှိစေရအောင် ဒီဇိုင်းတွက်ချက်မှု၊ တည်ဆောက်မှုအပိုင်းတွေအားလုံးကို စံသတ်မှတ်ချက်နဲ့အညီ ကိုက်ညီပြည့်မီမှုရှိစွာ ဆောင်ရွက်ကြရပါမယ်။

အရည်အသွေးပြည့်မီတဲ့ ဒီဇိုင်းစံသတ်မှတ်ချက်တွေနဲ့ တည်ဆောက်နိုင်ရေးမှာ ကုန်ကျစရိတ်ကြီးမြင့်မှုကလည်း မဖြစ်မနေ ထည့်သွင်းစဉ်းစားရမယ့်အချက်ဖြစ်ပါတယ်။ ဒီနေရာမှာ စာရေးသူရဲ့ အတွေ့အကြုံအရ ထောက်ပြအကြံပြုလိုတာ ရှိပါတယ်။ နိုင်ငံပိုင်အဆောက်အအုံတွေကို လျာထားရာမှာ Plinth Area Estimate (PAE) ခေါ် တစ်ပေပတ်လည်နှုန်းထားနဲ့ ဘတ်ဂျက်လျာထားတာ၊ စိစစ်ဖြတ်တောက်တာတွေ လုပ်လေ့ရှိပါတယ်။ PAE စနစ်နဲ့ လျာထားစိစစ်မယ့်အစား လိုအပ်တဲ့ သတ်မှတ် Design အရ ဒေသပေါက်ဈေးနှုန်းတွေအတိုင်း လျာထားခွင့်ပြုသင့်ပါတယ်။ ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ် မတူညီတာကို ထည့်သွင်းစဉ်းစားရပါမယ်။ ကွာခြားရင် ကွာခြားတဲ့အတိုင်း သယ်ယူပို့ဆောင်စရိတ်တွေ ထည့်သွင်းတွက်ချက်စေရမှာဖြစ်ပါတယ်။ ဒေသပေါက်ဈေးနှုန်း သတ်မှတ်ရာမှာလည်း ဈေးကွက်ပေါက်ဈေးထက် လျော့နည်းမနေစေရေးကို သတိပြုရမှာဖြစ်ပါတယ်။ အရည်အသွေးကောင်းကိုလိုချင်ရင် ထိုက်သင့်တဲ့ ကုန်ကျငွေကိုလည်း နည်းမှန်လမ်းမှန်နဲ့ စိစစ်ခွင့်ပြုဖို့ လိုအပ်မှာဖြစ်ပါတယ်။

**သုံးစွဲသူပြည်သူများ**

သုံးစွဲသူပြည်သူတွေအနေနဲ့လည်း အရည်အသွေးပြည့်မီတဲ့ ပစ္စည်းကို မှန်ကန်တဲ့လုပ်ငန်းဒီဇိုင်းပုံစံနဲ့ တန်ရာတန်ကြေးပေး ဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ကို မွေးမြူဆောင်ရွက်သွားကြမယ်၊ တတ်သိနားလည်တဲ့ ပညာရှင်တွေရဲ့ အကြံပေး/ အကြံပြုချက်ကို တိတိကျကျ လိုက်နာဆောင်ရွက်မယ်၊ အင်ဂျင်နီယာမပါဘဲ မိမိအိမ်ကို မတည်ဆောက်ဘဲ အင်ဂျင်နီယာနဲ့သာ တည်ဆောက်မယ်ဆိုတဲ့အသိ ရှိသွားလောက်ပြီလို့ ထင်ပါတယ်။

မန္တလေးငလျင်ကြီးကတော့ သတိပေးခေါင်းလောင်းတီးခဲ့ပြီးပါပြီ။ တာဝန်ရှိသူတွေအနေနဲ့ စည်းမျဉ်းစည်းကမ်းဥပဒေသတွေ ခိုင်ခိုင်မာမာ ချမှတ်ကြမှာဖြစ်သလို သက်ဆိုင်သူအားလုံးကလည်း ကျင့်ဝတ်စည်းကမ်းနဲ့အညီ လိုက်နာဆောင်ရွက်သွားကြမယ်ဆိုရင် အနာဂတ်မှာ ငလျင်ဘေးဒဏ် ကြံ့ကြံ့ခံနိုင်တဲ့ အဆောက်အအုံတွေ ပေါ်ပေါက်လာမှာဖြစ်ပြီး ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်ပေးနိုင်မယ် ဆိုတဲ့အကြောင်း အလေးထား ရေးသားတင်ပြလိုက်ရပါတယ်။ ။

## တရုတ်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ ခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ညှိနှိုင်းသည့်အစည်းအဝေးကျင်းပ

# ရန်ကုန်မြို့နှင့် ချန်ဒူးမြို့ တိုက်ရိုက်လေကြောင်းလိုင်းနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရေးကိစ္စရပ်များဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၄**

နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှမန်ခရီးစဉ်၊ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အစိုးရ၊ ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁)၊ အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။



အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဘာသာရပ်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဆောင်၍ ညီနောင်အသင်းများဖြစ်သော မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာ့သဘာဝရော်ဘာ ရေရှည်တည်တံ့မှုဖော်ဆောင်ရေးအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ရေလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရေးကိစ္စရပ်များဆွေးနွေး

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ ယွမ်ငွေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လက်ခံဆောင်ရွက်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၌ နည်းပညာမြှင့်တင်၍ ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေး၊ သတ္တုဆင့်တက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ မိမိတို့နိုင်ငံ၏ ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် အဆိုပါကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုများစီးဝင်ရေး၊ AI အပါအဝင် နည်းပညာမြှင့်တင်နိုင်ရေးအတွက် တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ရန်ကုန်မြို့နှင့် ချန်ဒူးမြို့ တိုက်ရိုက်လေကြောင်းလိုင်းနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူကျန့်ပြည်နယ် ရှမန်ခရီးစဉ်တွင် ရှမန်မြို့၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြပွဲတွင် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းများက ပြခန်းဝင်ရောက်ပြသနိုင်ခဲ့မှုအခြေအနေနှင့် စီးပွားရေးအဆက်အသွယ်များ၊ ခရီးစဉ်အတွင်း ရှမန်နှလုံးသွေးကြောဆိုင်ရာ အထူးကုဆေးရုံကြီးနှင့် ဆေးပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ခဲ့မှုအပေါ် လုပ်ငန်းခွင်သင်တန်း၊ လက်တွေ့ကုသရေး သင်တန်းသားများ ရွေးချယ်စေလွှတ်ရေး အခြေအနေများနှင့် ရန်ကုန်မြို့နှင့် ရှမန်မြို့ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနိုင်ရေးနှင့် မြန်မာနိုင်ငံမှ ရေထွက်ကုန်များနှင့် ဆန်ကို တိုးမြှင့်တင်ပို့နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

### ကဏ္ဍအလိုက်ဆွေးနွေး

ထို့ပြင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ခရီးစဉ်တွင်လည်း မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေး တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အသေးစိတ်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ဘယ်လာရုစ်နိုင်ငံသို့ ဆန်၊ ရော်ဘာ၊ ချုပ်ပြီး အဝတ်အထည်နှင့် ရေထွက်ပစ္စည်းများ တင်ပို့နိုင်ရေးကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ဆေးဝါးကဏ္ဍ၌ ဆေးဝါးနှင့် ဆေးကိရိယာပစ္စည်းများ အထူးသဖြင့် ကင်ဆာရောဂါကုသရေးဆေးဝါးများ တင်သွင်းဆောင်ရွက်ရေး၊ ဘယ်လာရုစ်နိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အရောင်းပြခန်းဖွင့်လှစ်မိတ်ဆက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံခရီးသွားကဏ္ဍတို့အကြား Package Tour များ စီစဉ်ဆောင်ရွက်ရေး၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ ဖော်ထုတ်ရေး ဆွေးနွေးခဲ့ပါကြောင်း၊ အဆိုပါ ကဏ္ဍများနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်အတွက် ဖိတ်ကြားထားသည့် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက ကဏ္ဍအလိုက် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ ဘယ်လာရုစ်နိုင်ငံတို့နှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်လာရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ ထို့အတူ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုတိုးတက်မြင့်မားလာစေရေး ဆောင်ရွက်နေမှုအခြေအနေများ၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံဖြစ်သဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တရုတ်ယွမ်ငွေဖြင့် လက်ခံဆောင်ရွက်နိုင်ရေး အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများ တိုးမြှင့်စေရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် အခြေအနေများ၊ သွင်းကုန်အစားထိုး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖိတ်ခေါ်ဆောင်ရွက်မှုအခြေအနေများ၊ EV မော်တော်ယာဉ် တင်သွင်းထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ SKD၊ CKD စနစ်မှတစ်ဆင့် MSME လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့် စပ်လျဉ်း၍ ဈေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ်တင်ပို့နိုင်ရေး၊ ဈေးကွက်သတင်းရရှိရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ဘယ်လာရုစ်နိုင်ငံသို့ ဆန်၊ ရော်ဘာနှင့် ရေထွက်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအသင်းအဖွဲ့များက ကြိုတင်ပြင်ဆင်ထားရှိရေးကိစ္စများ ဆွေးနွေးခဲ့ကြောင်းနှင့် တက်ရောက်လျက်ရှိသော စီးပွားရေးအဖွဲ့အစည်းများကလည်း လိုအပ်သည်များ အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်မှုအခြေအနေ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စာချုပ် ချုပ်ဆိုဆောင်ရွက်ထားရှိမှုအခြေအနေ၊ နှစ်နိုင်ငံ ကုန်သွယ်မှု တိုးမြှင့်နိုင်ရေး၊ ကုန်စည်ပြပွဲနှင့် စီးပွားရေးဖိုရမ်များ ကျင်းပပြုလုပ်နိုင်ရေး၊ စက်မှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် တက်ရောက်လာသည့် တာဝန်ရှိသူများက နယ်ပယ်ကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၄**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ကျန်းမာရေးကဏ္ဍပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ကိစ္စရပ်များ၊ ကျန်းမာရေး ဝန်ကြီးဌာနနှင့် စိန့်ပီတာစဘတ်မြို့ရှိ Napalkov Cancer Center တို့အကြား ၂၀၂၄ ခုနှစ်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး ကင်ဆာရောဂါကုသမှုဆိုင်ရာ အတွေ့အကြုံများဖလှယ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ စိန့်ပီတာစဘတ်မြို့ရှိဆေးဝါးစက်ရုံများမှ ထုတ်လုပ်သည့် ကင်ဆာရောဂါနှင့် ဆီးချိုရောဂါကုသမှုဆိုင်ရာ ဆေးဝါးနှင့် ဆေးပစ္စည်းများ မြန်မာနိုင်ငံသို့ တင်သွင်းရောင်းချလျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံရှိ အထူးကုဆရာဝန်များအား ရုရှားနိုင်ငံသို့ ပညာသင်စေလွှတ်ရေးနှင့် နှစ်နိုင်ငံ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များအကြား ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ကလေးဦးနှောက်နှင့်အာရုံကြော ရောဂါကုသမှုနှင့် ကလေးများတွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါကုသမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ **(အပေါ်ပုံ)** ဆွေးနွေးကြသည်။



ဆွေးနွေးပွဲသို့ စိန့်ပီတာစဘတ်မြို့ အစိုးရ၊ ပြည်ပဆက်ဆံရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားကုန်သွယ်မှုအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
**၇၄**
ရက်
သာ လိုတော့သည်။

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း (၁၈၀) ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိ ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃-က) ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်း ကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံ တိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကိုသတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၃၄၃၂
- (၃) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၂၁၂၆၈
- (၂) ၀၅၂- ၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၈၉
- (၂) ၀၆၃-၂၀၂၈၈၉၀
- (၃) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉- ၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS) ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS) ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နန်းယွန်းမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေး

**နန်းယွန်း အောက်တိုဘာ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ယမန်နေ့က နန်းယွန်းမြို့ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာတင်ဦးက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အချက်အလက်များနှင့် အသုံးပြုခြင်းရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနှစ်သစ်ကူးက မဲပေးစက်အသုံးပြုကိုင်တွယ်နည်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြုနည်း လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၄** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းပြုလုပ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးလွင်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးနှင့် တာဝန်ရှိသူများ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ CPU အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုများမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားဖြစ်စေသကဲ့သို့ လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တများ ပျက်စီးပြီး တရားမျှတသည့် ယှဉ်ပြိုင်လိုစိတ်၊ ကိုယ်ရည်ကိုယ်သွေးများ ကျဆင်းလာမည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အဂတိကင်းရှင်းသော လူမှုအသိုက်အဝန်းကို တည်ဆောက်ကြစေလိုကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထု တစ်ရပ်လုံး၏ အကျိုးစီးပွား တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်း၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှု မရှိစေရေးအတွက် အကာအကွယ်ပေးရန်နှင့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာပြီး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းအသီးသီးက အားလုံး ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ"နှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဝင်းက "အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားပြီး အစည်းအဝေး တက်ရောက်လာကြသော ဝန်ထမ်းများ၏ သိရှိလိုသည်များ မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦး ခေါင်းဆောင်ပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ အပြန်အလှန် ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၁၃/၂၀၂၅)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA) ကို ပြည်တွင်းနှင့် နိုင်ငံတကာအသိသက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့သည်မှာ ယနေ့တွင် (၁၀) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) သည် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှု စသည်တို့ကို အခြေခံကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် ပါဝင်သင့်သူအားလုံးပါဝင်သော နိုင်ငံရေး တွေ့ဆုံဆွေးနွေးရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် ဦးတည်ဆောင်ရွက်သည်ကို တွေ့ရှိရပါသည်။

၂။ ယင်းဦးတည်ချက်နှင့်အညီ ၂၀၂၅ ခုနှစ်အတွင်း နယ်ပယ်အသီးသီးမှ အဖွဲ့အစည်းများ၊ အလွှာအသီးသီးမှ ပုဂ္ဂိုလ်များ ပါဝင်သည့် ငြိမ်းချမ်းရေးစကားဝိုင်းနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ယင်းဆောင်ရွက်ချက်များသည် စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။ ငြိမ်းချမ်းရေးရရှိမှသာ တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းလာပြီး လူ့အခွင့်အရေးများ ရရှိခံစားနိုင်မည် ဖြစ်ပါသည်။

၃။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများတွင် ငြိမ်းချမ်းရေးပျက်ပြားစေတတ်သည့် အရေးကိစ္စရပ်များကို ပြေလည်ကျေအေးအောင် ဆောင်ရွက်ရာ၌ တရားမျှတမှု အခြေခံမူများ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေများနှင့်အညီ ငြိမ်းချမ်းသောနည်းလမ်းများ ကျင့်သုံးရန် ချမှတ်ထားပါသည်။ ထို့အတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂ ၌ လူတိုင်းကို မည်သည့်အကြောင်းကြောင့်မျှ ခွဲခြားမှုမပြုဘဲ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များရရှိစေရန် ဖော်ပြထားသကဲ့သို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ၏ အခြေခံမူများတွင်လည်း ဤပြည်ထောင်စုအတွင်း နေထိုင်ကြသော နိုင်ငံသားအားလုံးကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လိင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူရည်တူ အခွင့်အရေးရရှိစေရန်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၄။ ယင်းအခွင့်အရေးများကို အပြည့်အဝရရှိခံစားနိုင်ရန်နှင့် တရားမျှတမှုနှင့် လူ့အခွင့်အရေးအပေါ် အခြေခံသော ဒီမိုကရေစီ ဖက်ဒရယ်စနစ် ဖော်ဆောင်ရာတွင် နိုင်ငံတွင်းပစ်ခတ်တိုက်ခိုက်မှုများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းမှုရရှိရန် အားလုံးက ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံတွင်းပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲစေရေးအတွက်သာမက ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေး (Right to Development)အတွက် ကြီးမားစွာ အထောက်အပံ့ဖြစ်စေပါသည်။

၅။ နိုင်ငံတွင်း မှီတင်းနေထိုင်ကြသူများအားလုံး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းသော နိုင်ငံတော်ဖြစ်ပေါ်လာစေရေး ကြိုးပမ်းသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုပါကြောင်းနှင့် ဆက်စပ်ကျင်းပမည့် ဆွေးနွေးပွဲများကို ကြိုဆိုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်

❖ *ကျောဖုံးမှ*

ထိုသို့ စီမံဆောင်ရွက်လျက်ရှိသည့်အတွက် အာရှပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်လျက်ရှိသော်လည်း မြန်မာကျပ်ငွေခိုင်မာပြီး နိုင်ငံခြားငွေလဲလှယ်မှုနှုန်း ကျဆင်းသဖြင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများလည်း ကျဆင်းကာ အများပြည်သူနှင့် လုပ်ငန်းရှင်များအနေဖြင့် သင့်တင့်သောဈေးနှုန်းဖြင့် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် အဆင်ပြေချောမွေ့လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်လျက်ရှိသည်။

နိုင်ငံအတွင်းရှိ စက်သုံးဆီလိုအပ်ချက်၏ ၉၇ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းနေရသော်လည်း တင်သွင်းမှုကို အစားထိုးလျှော့ချနိုင်ရန်အတွက် ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ရှာဖွေထုတ်လုပ်ခြင်း၊ လက်ရှိရေနံချက် စက်ရုံများကို အဆင့်မြင့်မွမ်းမံပြင်ဆင်ခြင်း၊ ရေနံချက်စက်ရုံအသစ်များထပ်မံတည်ဆောက်ခြင်းတို့ကို စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့အတူ လယ်ယာထွက် သီးနှံများဖြစ်သည့် ပြောင်း၊ ကြံ၊ ဆန်ကွဲ စသည့်ကုန်ကြမ်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်သော ရေမဲ့အီသနောနှင့် ပြည်တွင်းထုတ်ဓာတ်ဆီတို့ကို သတ်မှတ်အချိုးအစားအတိုင်းရောစပ်ကာ ဇီဝလောင်စာဆီအဖြစ် ပြည်တွင်း၌ ကျယ်ပြန့်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြည်သူများ စက်သုံးဆီဝယ်ယူရာတွင် ပိုမိုလွယ်ကူအဆင်ပြေစေရန်အတွက် Google Play Store ၌ MPTA FM Application ကို လက်ကိုင်ဖုန်းများတွင် Download ပြုလုပ်ပြီး မိမိရောက်ရှိနေသည့်နေရာ၏ အနီးပတ်ဝန်းကျင်တွင် ဖွင့်လှစ်ထားသည့် စက်သုံးဆီအရောင်းဆိုင်များ၏ ဖွင့်လှစ်မှုအခြေအနေ၊ ယင်းဆိုင်များရှိစက်သုံးဆီအမျိုးအစားနှင့် ရောင်းဈေးနှုန်းတို့ကို ကြည့်ရှု၍ နှစ်သက်ရာအရောင်းဆိုင်တွင် ရွေးချယ်ဝယ်ယူသုံးစွဲနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားဝါသနာရှင် ပရိသတ်များ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် နံနက် ၈ နာရီမှစတင်၍ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး အသင်းက နှစ်ဂိုး – တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက လေးဂိုး – ဂိုးမရှိဖြင့်လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက နှစ်ဂိုး – ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲအဖြစ် ၁၈ ရက်အထိ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန်(၄) ဇုန်ခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး အောက်တိုဘာ ၂၁ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပမည့် ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အောက်တိုဘာ ၁၅ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ညနေ ၃ နာရီမှစတင်၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်းတွင် ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့စံချိန်စံညွှန်းနေ့ (World Standards Day 2025) အခမ်းအနားနှင့် အမျိုးသားအရည်အသွေး ထောက်ခံချက်ထုတ်ပေးရေးအဖွဲ့အကောင်အထည်ဖော်ရေး စီမံကိန်းပြီးမြောက်ခြင်းအခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၄**

အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့ကြီးက နိုင်ငံတကာ စံချိန်စံညွှန်းရေးဆွဲသည့် ပညာရှင်များနှင့် ပြည်တွင်းရှိ မြန်မာစံချိန်စံညွှန်းများ ပေါ်ထွက်လာစေရန် ပါဝင်ဆောင်ရွက်သူများကို ဂုဏ်ပြုရန် ရည်ရွယ်၍ ကမ္ဘာ့စံချိန်စံညွှန်းနေ့ (၁၃)ကြိမ်မြောက် အခမ်းအနားကို ယနေ့တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ အမျိုးသားစံချိန်စံညွှန်းကောင်စီ ဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ယခုနှစ် ကမ္ဘာ့စံချိန်စံညွှန်းနေ့(၂၀၂၅)၏ ဆောင်ပုဒ်မှာ "Shared Vision for a Better World: Spotlight on SDG 17–Partnerships for the Goals" (ပိုမိုကောင်းမွန်သော ကမ္ဘာကြီးအတွက် မျှော်မှန်းချက်များမျှဝေခြင်း– SDG 17 ရည်မှန်းချက်ပန်းတိုင်များအတွက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု) ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများသည် တစ်ကမ္ဘာလုံး ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သောကြောင့် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများကို အရှိန်မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် မြန်မာစံချိန်စံညွှန်း ၉၄၈ ခုကို အတည်ပြုချမှတ်နိုင်ခဲ့ပြီး ပြည်တွင်းရှိ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ်လုံးတွင် စံချိန်စံညွှန်းများနှင့် အညီ ကျင့်သုံးခြင်းဖြင့် မိမိတို့၏ထုတ်ကုန်များ အရည်အသွေးပြည့်မီပြီး နိုင်ငံတကာအသိအမှတ်ပြုမှုကို ရရှိစေခြင်းကြောင့် ကုန်သွယ်မှုတွင် လွယ်ကူချောမွေ့စေပြီး ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းအဖွဲ့ကြီး၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Sergio Mujica ၏ ကမ္ဘာ့စံချိန်စံညွှန်းနေ့ ဂုဏ်ပြုစကားနှင့် ကမ္ဘာ့စံချိန်စံညွှန်းနေ့ (၂၀၂၅) ဆိုင်ရာ ဗီဒီယိုကို ကြည့်ရှုကြသည်။

အခမ်းအနားသို့ အမျိုးသားစံချိန်စံညွှန်းကောင်စီဝင်များဖြစ်ကြသော ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စံချိန်စံညွှန်းလုပ်ငန်းကော်မတီဝင်များ၊ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ UMFCCI နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ MSMEs အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အရည်အသွေးကိုက်ညီမှု စစ်ဆေးရေးဆိုင်ရာအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆက်လက်၍ မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၃) ဖြင့် ဆောင်ရွက်သည့် "အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံ ခိုင်မာအားကောင်းစေရေးနှင့် ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အမျိုးသားအရည်အသွေးထောက်ခံချက် ထုတ်ပေးရေးအဖွဲ့ အကောင်အထည်ဖော်ရေး စီမံကိန်းပြီးမြောက်ခြင်း အခမ်းအနားကို Hybrid စနစ်ဖြင့် ကျင်းပရာ အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံများ ခိုင်မာအားကောင်းစေရေး ဆောင်ရွက်မှုများနှင့် အမျိုးသားအဆင့် အရည်အသွေး ထောက်ခံချက်ထုတ်ပေးရေးအဖွဲ့ အကောင်အထည်ဖော်ရေး စီမံကိန်းဆောင်ရွက်ထားရှိမှုများ အပေါ် ရှင်းလင်းတင်ပြခဲ့ကြသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ First Secretary Dr. Zhang Zhonghua တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် ယူနန်ပြည်နယ် ပရဟိတအဖွဲ့ Yunnan Overseas Chinese Charity Foundation တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာအနုပညာနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MACA)နှင့် ယူနန်ပြည်နယ် ပရဟိတအဖွဲ့ဖြစ်သော Yunnan Overseas Chinese Charity Foundation(YOCCF)တို့ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် ဂုဏ်ပြုလွှာပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် MACA ဥက္ကဋ္ဌ ဒေါ်အေးသဇ္ဇာသူနှင့် (YOCCF) ဥက္ကဋ္ဌ Mr. XIA Yong ၊ Peking University Cancer Hospital Yunnan Hospital ဥက္ကဋ္ဌ Mr. QIN Jiyong တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် မြန်မာအနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌနှင့် Yunnan Overseas Chinese Charity Foundation(YOCCF) ဥက္ကဋ္ဌတို့ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး **(ယာပုံ)** မြန်မာအနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒါရိုက်တာ ပန်းချီစိုးမိုး၊ ဥက္ကဋ္ဌ ဒေါ်အေးသဇ္ဇာသူတို့က တာဝန်ရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

အဆိုပါ Yunnan Overseas Chinese Charity Foundation သည် အောက်တိုဘာ ၉ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့ သဃ်န်းကျွန်း စံပြဆေးရုံတွင် နှုတ်ခမ်းကွဲ အာခေါင်ကွဲကလေးငယ်များကို အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။

မြန်မာအနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းသည် နှစ်နိုင်ငံယဉ်ကျေးမှုများ ပိုမိုဖလှယ်နိုင်စေရေးအတွက် မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုပွဲတော်များနှင့် ယူနန်ပြည်နယ်ရှိ ယဉ်ကျေးမှုပွဲတော်များတွင် အပြန်အလှန်ဖိတ်ကြား၍ အတူတကွ ပါဝင်ဆင်နွှဲနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အနုပညာနှင့် သက်ဆိုင်သော ကဏ္ဍအသီးသီးမှ ပညာရှင်များနှင့် ယူနန်ပြည်နယ်ရှိ ယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍ အသီးသီးမှ ပညာရှင်များအား တွေ့ဆုံစေ၍ အပြန်အလှန် ယဉ်ကျေးမှုများ ဖလှယ်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာနှင့် သက်ဆိုင်သော ကဏ္ဍအသီးသီးမှ ပညာရှင်များနှင့် ယူနန်ပြည်နယ်ရှိ ယဉ်ကျေးမှု အနုပညာကဏ္ဍအသီးသီးမှ ပညာရှင်များကို တွေ့ဆုံစေ၍ အပြန်အလှန် ယဉ်ကျေးမှုများဖလှယ်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်ခြင်း စသည့် ရည်ရွယ်ချက်များဖြင့် ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**




# အလုပ်ခွင်ထိခိုက်သေဆုံးမှုအတွက်ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ထုတ်ပေး

**မန္တလေး အောက်တိုဘာ ၁၄**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက အမှာစကားပြောကြားပြီး ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးတာဝန်ခံအရာရှိက အမရပူရမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော Aung Kan Bo Motorcycle co.,ltd. မှ အာမခံအလုပ်သမား ဒေါ်အေးချမ်းမိုး၏ လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူငွေလုံးငွေရင်းအကျိုးခံစားခွင့် ငွေကျပ်–၁၃၃၇၅၀၀၀/–(ကျပ်သိန်းတစ်ရာသုံးဆယ့်သုံးသိန်းခုနစ်သောင်းငါးထောင်တိတိ)ကို သေဆုံးသူ၏ ခင်ပွန်းဖြစ်သူ ဦးနေမျိုးခိုင်ထံသို့ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများ လုပ်ငန်းခွင်အထောက်အကူပြု မြန်မာ့ရိုးရာသိုင်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ကြီးကြပ်မှု၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း ဟိုတယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော လုံခြုံရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရန်ရည်ရွယ်၍ လုပ်ငန်းခွင်အထောက်အကူပြု မြန်မာ့ရိုးရာ သိုင်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (ရန်ကုန်) ၌ ကျင်းပသည်။(ယာပုံ)

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာသိုင်းသင်တန်းနည်းပြဆရာများနှင့် ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းသင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်တိုင်းတွင် ဌာနအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ပေးထားပါကြောင်း၊ ထိုသို့ခွဲဝေသတ်မှတ်ရာတွင် လုံခြုံရေးဌာန၏ တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်များရှိသလို လုံခြုံရေးဝန်ထမ်း တစ်ဦးချင်းစီ၏ တာဝန်ဝတ္တရားများနှင့် တာဝန်သတ်မှတ်ချက်များကိုလည်း သတ်မှတ်ထားရှိပေးထားပါကြောင်း၊ ဟိုတယ်များတွင် တာဝန်ထမ်းဆောင်နေကြသည့် လုံခြုံရေးဝန်ထမ်းများအနေဖြင့် လုံခြုံရေးအမြင် သတိရှိမှု၊ တစ်ကိုယ်ရေစွမ်းဆောင်နိုင်မှုများနှင့်ပေါင်းစပ်ပြီး တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ လုပ်ငန်းခွင်အထောက်အကူပြု မြန်မာ့ရိုးရာသိုင်းပညာသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများ ပါဝင်တက်ရောက်ကြပြီး သင်တန်းကို ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းဖွင့်လှစ်ပို့ချဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဟိုတယ်များမှ တာဝန်ရှိသူများက ခရီးသွားရာသီအမီ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)တွင် သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များအား ကြိုဆိုဂုဏ်ပြု



**မကွေး အောက်တိုဘာ ၁၄**

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)တွင် အောင်ပွဲရ မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များသည် နေပြည်တော်မှ မကွေးမြို့သို့ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိလာရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘပြည်သူများက မကွေးမြို့အဝင်၌ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ (ဝဲပုံ)

ကြိုဆိုဂုဏ်ပြုပွဲကို မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ အုပ်ချုပ်သူအဖွဲ့ခေါင်းဆောင်၊ မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ပြိုင်ပွဲတစ်လျှောက်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကာ အုပ်ချုပ်သူဒုတိယအဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီးဥပဒေချုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြား၍ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးသည်။

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲသို့ မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးဆောင်ပြီး ပြိုင်ပွဲဝင်များက နေပြည်တော်တွင် သွားရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ် ငါးဆု၊ ငွေတံဆိပ် သုံးဆု၊ ကြေးတံဆိပ် ခြောက်ဆု စုစုပေါင်း ၁၄ ဆုရရှိခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Shwe Thet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၆) ရပ်ကွက်နေ သက်ကိုကို(ခ) သမီးဆိုး (၄၅) နှစ်အား ည ၈ နာရီတွင် ပြင်ဦးလွင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပပညာရေး ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ကသာ အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပ ပညာရေး (မူလတန်းနှင့် အလယ်တန်း)ဖွင့်ပွဲအခမ်းအနားကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် ခရိုင်တာဝန်ခံပညာရေးမှူး ဦးစိုးတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကြီးကြပ်ရေးမှူးဆရာမ ဒေါ်ချို့က ကျောင်းပြင်ပ ပညာရေး အလယ်တန်းအဆင့်နှင့်ပတ်သက်၍လည်းကောင်း၊ ဆရာမ ဒေါ်ခင်ညိုဆန်းက ကျောင်းပြင်ပ ပညာရေးမူလတန်းအဆင့်နှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်နန္ဒာလင်းက ကသာမြို့နယ်၏ ကျောင်းပြင်ပ ပညာရေးလုပ်ငန်း ဆောင်ရွက်ထားမှုအဆင့်ဆင့်တို့ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းပြင်ပ ပညာရေးကိုသင်ယူကြမည့် ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

❊ *ကျောဖုံးမှ*

ကစားဟန်ကြောင့် သွင်းဂိုးရရှိရေး ခက်ခက်ခဲခဲရုန်းကန်ခဲ့ရသည်။ ဂျာမနီဂိုးသမား အိုလီဗာဘောင်မန်း အထူးလက်စွမ်းပြသနိုင်ခဲ့ပြီး မြောက်အိုင်ယာလန်အသင်း၏ ဂိုးရရှိနိုင်သည့် အပိုင်အခွင့်အရေးများစွာကို ဟန့်တားကာကွယ်နိုင်ခဲ့သည်။

ဂျာမနီအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲကစားချိန် ၃၁ မိနစ်တွင် ဒေးဗစ်ရမ်း၏ဖန်တီးမှုကို နစ်ခ်ဝေါတီမိတ်က ခေါင်းတိုက်အဆုံးသတ်သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ ဂျာမနီအသင်းသည် ယခုပွဲစဉ်တွင် နိုင်ပွဲရရှိခဲ့သည့်အတွက် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ဖြင့် ခြေစစ်ပွဲအောင်မြင်ရန် နီးကပ်လာပြီဖြစ်သည်။ ပြိုင်ဘက်မြောက်အိုင်ယာလန်အသင်းက လေးပွဲကစားပြီး နှစ်ပွဲနိုင် နှစ်ပွဲသရေဖြင့် ခြေစစ်ပွဲအောင်မြင်ရေး ဆက်လက်ရုန်းကန်ရဦးမည်ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် စလိုဗက်ကီးယားက လူဇင်ဘတ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ကိုဆိုဗိုက နာမည်ကြီး ဆွီဒင်ကို တစ်ဂိုး-ဂိုးမရှိ၊ ယူကရိန်းက အဇာဘိုင်ဂျန်ကို နှစ်ဂိုး-တစ်ဂိုး၊ ဘယ်လ်ဂျီယံက ဝေးလ်ကို လေးဂိုး-နှစ်ဂိုးဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့သည်။ အိုက်စလန်နှင့် ပြင်သစ်အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သလို စလိုဗေးနီးယားနှင့် ဆွစ်ဇာလန်အသင်းပွဲစဉ်တွင်လည်း ဂိုးမရှိ သရေကျခဲ့သည်။

**အောင်ဇော်**

# ရှမ်းပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရုံး သုံးထပ်အဆောက်အအုံအသစ် ဖွင့်လှစ်

တောင်ကြီး အောက်တိုဘာ ၁၄

**ရှမ်းပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရုံး သုံးထပ်အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲက တောင်ကြီးမြို့ တောင်ကြီး-ဟိုပုံးသွားလမ်း ကံကြီးရပ်ကွက်ရှိ အဆိုပါရုံးအဆောက်အအုံရှေ့၌ ကျင်းပသည်။**

ဦးစွာ သုံးထပ်အဆောက်အအုံသစ်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို အဆိုပါရုံးသင်တန်းခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကားပြောကြားကာ အဆောက်အအုံအသစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အဆောက်အဦအထူးအဖွဲ့(၁၁)မှ တာဝန်ရှိသူတစ်ဦးက လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရုံးအဆောက်အအုံအသစ်အား လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ အတုလ မာရဇိန်ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံသို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆွမ်း၊ ရွှေသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်း ဖူးမြော်ကြည်ညိုကြပြီး (၂၄)ကြိမ်မြောက် ကမ္ဘောဇသာ မဏောကျော် စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စာဖြေသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အဆိုပါ (၂၄)ကြိမ်မြောက် ကမ္ဘောဇသာမဏောကျော် စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စာဖြေသံဃာတော်များတွင် ပထမတန်းဖြေဆိုသံဃာ ၈၄၆ ပါး၊ ဒုတိယတန်းဖြေဆိုသံဃာ၂၆၃ပါး၊ တတိယတန်းဖြေဆိုသံဃာ ၉၇ ပါး စုစုပေါင်း သံဃာ ၁၂၀၆ ပါးရှိပြီး အောက်တိုဘာ ၁၉ ရက်တွင် ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် လွိုင်ကော်တက္ကသိုလ် ဖွင့်လှစ်သင်ကြားနေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၄**

လွိုင်ကော်တက္ကသိုလ်ကို အောက်တိုဘာ ၁၃ ရက်တွင်စတင်၍ ပြန်လည်ဖွင့်လှစ်ပြီဖြစ်ရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယင်းနေ့ နံနက်ပိုင်းက လွိုင်ကော်တက္ကသိုလ် အဝေးသင်ဒုတိယအသုတ် အနီးကပ်သင်တန်းများ ဖွင့်လှစ်၍ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပထမနှစ်မှ စတုတ္ထနှစ်အထိ ဖွင့်လှစ်လျက်ရှိသည့် အနီးကပ်သင်တန်းများသို့ တက်ရောက်ပညာသင်ယူလျက် ရှိကြသော အဝေးသင်ကျောင်းသား ကျောင်းသူများအား ပင်မဆောင်ရှိ စာသင်ခန်းအသီးသီးတွင် ဝင်ရောက်တွေ့ဆုံ၍ လွိုင်ကော်တက္ကသိုလ်ကြီးကို ပြန်လည်ဖွင့်လှစ်ပြီ ဖြစ်သဖြင့် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ပါကြောင်း၊ စာသင်ဆောင်၊ အိပ်ဆောင်များပျက်စီးမှုကို နိုင်ငံတော်က ဘတ်ဂျက်များစွာသုံးစွဲ၍ ပြင်ဆင်ပေးခဲ့သဖြင့် ယခုကဲ့သို့ မိမိရပ်ရွာဒေသတွင် အေးချမ်းစွာ ပညာသင်ကြားခွင့်ရရှိပြီဖြစ်ပါကြောင်း၊ စိမ်းလန်းစိုပြည်လှပနေပြီဖြစ်သော လွိုင်ကော်တက္ကသိုလ်ကြီး အစဉ်အမြဲ တည်မြဲလှပနေအောင် ထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားကာ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဘက်စုံသုံးခန်းမနှင့် ဘာသာရပ်ဌာန ရုံးခန်းများကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ လွိုင်ကော်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများ၊ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ပြည်ထောင်စုဝန်ကြီး၏ ချီးမြှင့်ငွေများကို ခေတ္တပါမောက္ခချုပ်အား ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ အိပ်ဆောင်၊ အားကစားကွင်း၊ အားကစားရုံများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားပြီး ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ သွားရောက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်အား ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် လွိုင်ကော်မြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှု စစ်ဆေးအားပေးပြီး ပြည်ထောင်စုဝန်ကြီး၏ ချီးမြှင့်ငွေများကို ကျောင်းအုပ်ကြီးများအားပေးအပ်ကာ လွိုင်ကော် ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကား ပြောကြား၍ ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များအား တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများက ဂုဏ်ပြုကြိုဆို

**ပုသိမ် အောက်တိုဘာ ၁၄**

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုအသင်းအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းက ပုသိမ်တက္ကသိုလ် ဂိတ်(၂)ရှေ့တွင်ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက ဂုဏ်ပြုကြိုဆိုကြသည်။

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြုအသင်းအနေဖြင့် ရွှေ ၁၂ ခု၊ ငွေ ၁၁ ခု၊ ကြေး ၁၄ ခု စုစုပေါင်း ၃၇ ခု ရရှိခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆုရရှိမှုစာရင်းတွင် အမှတ်စဉ် ၃ နေရာရရှိခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၄**

၁၃၈၇ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် လေအန်ကုန်းစာပေရပ်ဝန်းက အလှူငွေကျပ် ၅၀၅၀၀၀၊ အောင်မြေသာစံမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၃၃၀၀၀၀၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကေလာသ ပဏ္ဍိတာရာမ ကျောင်းတိုက်က ငွေကျပ် သုံးသိန်း၊ ဒေါက်တာရီရီလှ(ယုဝတီခင်ဦး)၊ ဦးနေလင်း(မောင်ချိုဝေ)-သမီး ရွှေရုပ်(မော်ဘီမြို့)နှင့်တောင်ဥက္ကလာပမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် နှစ်သိန်းစီ၊ သဃ်န်းကျွန်းမြို့နယ်စာရေးဆရာအသင်းနှင့် မရမ်းကုန်းမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ ဒေါ်မြမြသန်း(မနှင်းဖွေး)၊ ဦးထင်လင်းကျော်၊ ဒေါက်တာမောင်မောင်မြင့်+ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)(ဥက္ကဋ္ဌ၊ ပဲခူးမြို့နယ် စာရေးဆရာအသင်း)၊ ဒေါ်ခင်ဝင်းမေ၊ ဦးသိမ်းထွန်း(စစ်ရဲအိမ်)၊ (ဂီတစာဆို မောင်မျိုးသူ)+ မရည်မွန်(ကျုံပျော်)၊ ဇမ္ဗူသီရိမြို့နယ် စာရေးဆရာအသင်း၊ ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်း၊ တာမွေမြို့နယ် စာရေးဆရာအသင်း၊ ရန်ကင်းမြို့နယ် စာရေးဆရာအသင်း၊ အင်းစိန်မြို့နယ် စာရေးဆရာအသင်းနှင့် မော်ဘီမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမြကျော်(မောင်မြကျော်)၊ ဦးလှတိုး(တိုးထက်)၊ စာရေးဆရာမ သက်ဦးခင်၊ ဒေါ်ခင်တင့်ဝေ (ခင်တင့်ဝေ-မြို့တော်စည်ပင်)၊ ဦးစိုးမြင့်(လက်ပံနီ)၊ ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်း၊ ခရမ်းမြို့နယ် စာရေးဆရာအသင်း၊ မြောက်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်း၊ သထုံမြို့နယ် စာရေးဆရာအသင်း



နှင့် မြိတ်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ အသီးသီး ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တွဲဖက်အတွင်းရေးမှူး ဦးအောင်ကြည်(အောင်ကြည်ညွန့်-တက္ကသိုလ်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ်(၁၇၃/၁၇၅)၊(၇)လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ -၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားနိုင်ငံ၌ အရည်အသွေးမြင့်မားပြီး အလေးချိန် ၃၄၀ ကာရက်ရှိ စိန်တုံးကြီး တူးဖော်တွေ့ရှိ



**မော်စကို အောက်တိုဘာ ၁၄**

အရည်အသွေးမြင့်မားပြီး အလေးချိန် ၃၄၀ ကာရက်ရှိ စိန်တုံးကြီးကို ရုရှားနိုင်ငံ အာခန်ဂဲလ်ခ်ဒေသတွင်ရှိသည့် သတ္တုသိုက်တစ်ခုမှ တူးဖော်တွေ့ရှိခဲ့ကြောင်း အုပ်ချုပ်ရေးမှူး အဲလက်ဇန္ဒြားဆီဘူစကီးက အောက်တိုဘာ ၁၃ ရက်တွင် ပြောသည်။

အဆိုပါ စိန်တုံးသည် ရုရှားနိုင်ငံတွင် တူးဖော်တွေ့ရှိသည့် အကြီးဆုံးစိန်တုံးငါးခုထဲမှ တစ်ခုဖြစ်ကြောင်း၊ ဒေသတွင်းရှိ V. Grib စိန်တွင်းကို စက်မှုလုပ်ငန်းသုံး တူးဖော်ရေးစတင်လုပ်ကိုင်ချိန်မှစ၍ ယနေ့အချိန်အထိ တွေ့ဖူးသမျှထဲတွင် အကြီးဆုံးဖြစ်ကြောင်း ဆီဘူစကီးက ပြောသည်။

အဆိုပါ ကျောက်မျက်ရတနာသည် ထူးခြားသည့် အရွယ်အစားကြောင့်သာမက အရည်အသွေးနှင့် ဈေးကွက်တန်ဖိုးတို့ကြောင့်လည်း ထင်ရှားပေါ်လွင်ကြောင်း အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားသည်။ ထို့အပြင် ယင်းစိန်တုံးကြီးသည် အရွယ်အစားသာမက အရည်အသွေးပါ ထူးခြားသည့်အတွက် သဘာဝစိန်များအနက် ၂ ရာခိုင်နှုန်းသာရှိသော အလွန်ရှားပါးပြီး တန်ဖိုးကြီးမားသည့် စိန်အမျိုးအစားထဲတွင် ပါဝင်ကြောင်း ၎င်းက မှတ်ချက်ပြု ပြောသည်။

V. Grib စိန်တွင်းကို ရုရှားစိန်တူးဖော်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် AGD Diamonds က တူးဖော်လုပ်ကိုင်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံသည် စိန်ကို ပမာဏအားဖြင့် အများဆုံးထုတ်လုပ်သော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းနှင့် အာခန်ဂဲလ်ခ်ဒေသမှာ နိုင်ငံအတွင်း အဓိကစိန်တူးဖော်သည့် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# မာလဝီနိုင်ငံ၌ နိုင်ငံ့လူဦးရေ၏ ၂၂ ရာခိုင်နှုန်းခန့် အစာငတ်မွတ်မှုဘေးနှင့် ကြုံတွေ့ရနိုင်ဟုဆို



နိုင်ငံ၏မြို့တော် လီလွန်ဝွေးမြို့အနီး အမ်ဇူမာဇီကျေးရွာတွင် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ဖြန့်ဖြူးပေးသော စားနပ်ရိက္ခာများကိုရရှိရန် တန်းစီစောင့်ဆိုင်းနေသည့် မာလဝီလူမျိုးများကို တွေ့ရစဉ်။

**လီလွန်ဝွေး အောက်တိုဘာ ၁၄**

မာလဝီနိုင်ငံ၌ နိုင်ငံ့လူဦးရေ၏ ၂၂ ရာခိုင်နှုန်းခန့်ရှိသော လူပေါင်း ၄၀၀၉၅၃၇ ဦးမှာ ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ ၂၀၂၆ ခုနှစ် မတ်လအထိ ကြာမြင့်မည့် စားနပ်ရိက္ခာအလွန်ရှားပါးသော ကာလအတွင်း ၎င်းတို့၏ တစ်နှစ်တာ စားနပ်ရိက္ခာလိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်ဘဲ အစာငတ်မွတ်မှုဘေးနှင့် ကြုံတွေ့ရနိုင်ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

လာမည့်လများအတွင်းမာလဝီလူမျိုး သန်းပေါင်းများစွာမှာ စားနပ်ရိက္ခာ ပြတ်တောက်မှုအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်သည်ဟု မာလဝီအစိုးရက ပြောသည်။ တွေ့ရှိချက်များအရ မာလဝီနိုင်ငံ၏ အဓိကမြို့ကြီး လေးမြို့တွင် နေထိုင်သော ဒေသခံ ၆၄၁၃၈ ဦးနှင့် ကျေးလက်ဒေသများတွင် နေထိုင်သော ဒေသခံ ၃ ဒသမ ၉ သန်းခန့် ထိခိုက်ခံစားရဖွယ်ရှိသည်ဟု ဘဏ္ဍာရေး၊ စီးပွားရေး စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၏ အောက်တိုဘာ ၁၂ ရက် ထုတ်ပြန်ချက်အရ သိရသည်။

လိုအပ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စားနပ်ရိက္ခာထောက်ပံ့ကူညီမှုမှာ ခန့်မှန်းပြောင်းတန်ချိန် မက်ထရစ်တန် ၂၀၀၀၀၀ နှင့် ငွေသားထောက်ပံ့ကူညီမှုမှာ အမေရိကန်ဒေါ်လာ ၂၂၃ ဒသမ ၄ သန်းခန့် ရှိကြောင်း သိရသည်။ မာလဝီအစိုးရသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားသော မိတ်ဘက်အဖွဲ့အစည်းများအား ထိုကဲ့သို့အခြေအနေကို ကူညီဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုထားသည်။

**ဆင်ဟွာ**

■

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုရရှိပြီးနောက် ဂါဇာတွင် သေဆုံးမှုများရှိဟုဆို

## သေဆုံးရုပ်အလောင်းများ ပြန်လည်ရရှိရေးတွင် တိုးတက်မှုမရှိသေး

**ဂါဇာ အောက်တိုဘာ ၁၄**

ဟားမားစ်အဖွဲ့သည် အစ္စရေးနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် တစ်စိတ်တစ်ပိုင်းအနေဖြင့် ဂါဇာကမ်းမြောင်တွင် ဖမ်းဆီးထိန်းသိမ်းထားသော အသက်ရှင်လျက် ကျန်ရှိနေသေးသည့် ဓားစာခံ ၂၀ ကို ပြန်လွှတ်ပေးလိုက်ပြီ ဖြစ်သည်။ သို့သော်လည်း သေဆုံးရုပ်အလောင်းများ ပြန်လည်ရရှိရေးတွင် အခြေအနေတိုးတက်မှုမရှိသေးကြောင်း သိရသည်။



တစ်ချိန်တည်းတွင် သဘောတူညီမှုရရှိပြီးနောက် အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် သေဆုံးမှုများ ရှိသည်ဆိုသော သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။ ဟားမားစ်အဖွဲ့သည် ဂါဇာကမ်းမြောင်တွင် ဖမ်းဆီးထိန်းသိမ်းထားသော ဓားစာခံ ၄၈ ဦးအနက် အသက်ရှင်လျက်ရှိနေသေးသည့် ဓားစာခံ ၂၀ ကို အောက်တိုဘာ ၁၃ ရက်တွင် လွှတ်ပေးလိုက်ခြင်းဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်မှုမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အဆိုပြုသော ငြိမ်းချမ်းရေးအစီအစဉ်အရ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှု စတင်အသက်ဝင်ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

သဘောတူညီချက်အရ ဟားမားစ်အဖွဲ့သည် အောက်တိုဘာ ၁၃ ရက် မွန်းလွဲမတိုင်မီ အသက်ရှင်လျက်ရှိနေသေးသည့် ဓားစာခံများနှင့် သေဆုံးရုပ်အလောင်း ဓားစာခံများကို လွှတ်ပေးရမည်ဖြစ်သည်။ သို့သော်လည်း လက်ရှိအချိန်အထိ သေဆုံးရုပ်အလောင်းလေးခုသာ ပြန်လည်ရရှိသေးကြောင်း အစ္စရေးက ပြောသည်။

ဂါဇာကမ်းမြောင် မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် အောက်တိုဘာ ၁၄ ရက်က အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် စုစုပေါင်း ခြောက်ဦးသေဆုံးကြောင်း ပါလက်စတိုင်းမီဒီယာများတွင် ဖော်ပြထားသည်။ ဟားမားစ်အဖွဲ့က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ချိုးဖောက်သည်ဟုဆိုကာ ယင်းလုပ်ဆောင်မှုကို ပြစ်တင်ရှုတ်ချကြောင်း ထုတ်ပြန်ထားသည်။ **အင်န်အိတ်ချ်ကေ**

# ဒါကာမီးလောင်မှု လူကိုးဦးသေဆုံးပြီး အမြောက်အမြားဒဏ်ရာရရှိ

**ဒါကာ အောက်တိုဘာ ၁၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာရှိ အထည်ချုပ်စက်ရုံနှင့် ဓာတုသိုလှောင်ရုံ အဆောက်အအုံများ၌ မီးအကြီးအကျယ်လောင်မှုဖြစ်ပွားခဲ့ရာ လူကိုးဦးသေဆုံးခဲ့ပြီး အမြောက်အမြား ဒဏ်ရာရရှိခဲ့သည်။

အဆောက်အအုံနှစ်လုံးသည် ဘင်္ဂလားဒေ့ရှ်စီးပွားရေးနှင့် နည်းပညာတက္ကသိုလ် (ဘီယူအီတီ)ရှေ့တွင် ဘေးချင်းကပ်လျက်တည်ရှိကြောင်း ဒေသတွင်းသတင်းမီဒီယာများက ဖော်ပြထားသည်။

ဒါကာမီးသတ်ဌာနချုပ် မီဒီယာတာဝန်ခံ တယ်လ်ဟာဘင်ဂျာရှင်က သေဆုံးသူအရေအတွက်ကို အတည်ပြုခဲ့သည်။ မီးလောင်သတင်းပေးပို့မှုကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရရှိခဲ့သည်ဟု ၎င်းက ပြောသည်။

ခုနစ်ထပ်ရှိသည့် အထည်ချုပ်စက်ရုံ၏ တတိယထပ်တွင် မီးစတင်လောင်ခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များဖြင့်သာမက မီးသတ်ကားများဖြင့်ပါ မီးငြိမ်းသတ်ခဲ့ရသည်ဟု သက်ဆိုင်ရာ တာဝန်ရှိသူက ပြောသည်။

အစွန်းချွတ်ဆေး၊ ပလတ်စတစ်နှင့် ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်ကဲ့သို့သော ပေါက်ကွဲစေတတ်သည့် ဓာတုပစ္စည်းများ သိုလှောင်ထားသည့် ဓာတုသိုလှောင်ရုံ၏ မီးလောင်မှုကို အပြည့်အဝထိန်းချုပ်နိုင်ရန် မီးသတ်သမားများက ကြိုးစားလုပ်ဆောင်လျက်ရှိသည်။

မီးလောင်မှုတွင် ဒဏ်ရာအပြင်းအထန်ရရှိခဲ့သူများကို ဆေးကုသမှုခံယူရန် ဒါကာမြို့ရှိ မီးလောင်ခြင်းနှင့် ပလတ်စတစ်ခွဲစိတ်ပြုပြင်ခြင်းဆိုင်ရာ အမျိုးသားအင်စတီကျုသို့ ပို့ဆောင်ခဲ့သည်။

မီးလောင်မှုကြောင့် သေဆုံးသူအရေအတွက် ဆက်လက်မြင့်တက်လာနိုင်ကြောင်း အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောသည်။

**ဆင်ဟွာ**



# ဂျပန်နိုင်ငံ၌ ကျင်းပသော ကမ္ဘာ့ကုန်စည်ပြပွဲသို့ ဧည့်သည်စံချိန်တင်လာရောက်

**အိုဆာကာ အောက်တိုဘာ ၁၄**

ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာမြို့၌ကျင်းပသော ၂၀၂၅ ကမ္ဘာ့ကုန်စည်ပြပွဲသို့ လာရောက်သည့် ဧည့်သည်အရေအတွက်သည် ၂၅ ဒသမ ၅၇ သန်း ကျော်လွန်လာပြီဖြစ်ကြောင်း သိရသည်။

တရားဝင်ပွဲကြည့်ခွင့်အသိအမှတ်ပြုကတ် ကိုင်ဆောင်ထားသူအပါအဝင် ပွဲသို့လာရောက်လည်ပတ်သူဦးရေ ၂၉၀၁၇၉၄၄ ဦးရှိကြောင်း ပြပွဲပိတ်ပြီး တစ်ရက်အကြာ အောက်တိုဘာ ၁၄ ရက်တွင် ၂၀၂၅ ကမ္ဘာ့ကုန်စည်ပြပွဲဆိုင်ရာ ဂျပန်အသင်းက ပြောကြားခဲ့သည်။ ယခုတစ်ကြိမ်ကျင်းပသော ကမ္ဘာ့ကုန်စည်ပြပွဲသို့ လာရောက်လည်ပတ်သူဦးရေ စုစုပေါင်းသည် ဂျပန်နိုင်ငံအလယ်ပိုင်း အိုင်ချီမြို့တွင်ကျင်းပသော ၂၀၀၅ ကုန်စည်ပြပွဲနှင့် ၂၀၂၁ ခုနှစ်တွင် ကျင်းပသော ဒူဘိုင်းကုန်စည်ပြပွဲထက် ပိုများကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ကျောက်မဲမြို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၆ ဦးနှင့် ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာငါးဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**နေပြည်တော် အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား အောက်တိုဘာ ၈ ရက်မှစတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းများတွင် ကျောင်းအပ်စတင် လက်ခံခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၂၅၄ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၇၆၀ ကျောင်းတက်ရောက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းလျက်ရှိသည့်ဒေသမှ ကျောင်းသား ကျောင်းသူများနည်းတူ စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့်ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံ

## အောင်မြေသာစံမြို့နယ်၌ မဲဆန္ဒရှင်လူဦးရေစာရင်းများ မှန်ကန်မှုရှိစေရေးစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ အသက်(၁၈)နှစ်အထက် မဲဆန္ဒရှင်လူဦးရေစာရင်းများ မှန်ကန်မှုရှိစေရေး စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ အဆိုပါဆောင်ရွက်ရာနေရာများသို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တိုင်းဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့က ယနေ့ နံနက် ၁၀ နာရီက အောင်မြေသာစံ မင်းတဲအီကင်း၊ ညောင်ကွဲရပ်ကွက်များသို့ သွားရောက်ပြီး ကြည့်ရှုစစ်ဆေးသည်။



အသက် (၁၈) နှစ်အထက် မဲဆန္ဒရှင်စာရင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က စက်တင်ဘာ ၃၀ ရက်က ကြေညာထားသော အသက်(၁၈)နှစ်အထက် မဲဆန္ဒရှင်လူဦးရေစာရင်းအား ရွေးကောက်ပွဲကျင်းပချိန်တွင် မဲစာရင်းများ မှန်ကန်စေရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ရပ်ကွက်များအလိုက် ဆောင်ရွက်ကြသည်။

အဆိုပါ ဆောင်ရွက်ရာနေရာများသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တိုင်းဦးစီးမှူး၊ ညွှန်ကြားရေးမှူး၊ အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**အင်္ဂပူမြို့နယ်တွင် ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ ဈေးများ၊ လူနေအိမ်များတွင် မီးဘေးအန္တရာယ်မကျရောက်စေရန် အသိပေးကြေညာခြင်းကို ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက လှည့်လည်ကြေညာစဉ်။**
မြို့နယ်(ပြန်/ဆက်)

## မရမ်းကုန်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်



တည်ဆဲအခွန် ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ ကျင်းပသည်။

အခွန်ဆိုင်ရာ ရှင်းလင်းပွဲတွင် မရမ်းကုန်းမြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြု အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထွဋ်အောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစောမြင့်အောင်နှင့် ဦးစီးအရာရှိ ဒေါ်ယုမာလာဆွေတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် အခွန်ထမ်းပြည်သူ စုစုပေါင်း ၁၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## စလင်းမြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်မှု ရှိစေရေးအတွက် လုပ်ငန်းများဆောင်ရွက်

**စလင်း အောက်တိုဘာ ၁၄**

စလင်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ အတွင်းရေးမှူးများ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များက မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေးဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းမှ စတင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်က မြို့နယ်အတွင်း မဲစာရင်းများ မှန်ကန်မှုရှိစေရေးနှင့် ကွဲလွဲမှုများမဖြစ်စေရေးအတွက် စစ်ဆေးဆောင်ရွက်သွားရန် မှာကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူးတို့က မြို့နယ်အတွင်းရှိ မဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများ ကျန်ရှိမှုမရှိစေရေး၊ ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ညှိနှိုင်းတင်ပြပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကော်မရှင်အဖွဲ့နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ **မောင်လွင်(စလင်း)**

## တာချီလိတ်မြို့၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး

**တာချီလိတ် အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေအပါအဝင် ပြည်တွင်းအခွန်များဦးစီးဌာနက စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်များနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက်က ခရိုင်နှင့်မြို့နယ်စုပေါင်းရုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။ **(ယာပုံ)**

ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဘောမြာက အခွန်ကဏ္ဍတစ်ရပ်ချင်းအလိုက် သိကောင်းစရာများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး



အခွန်ထမ်းပြည်သူများ သိလိုသည့် မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်းနှင့် အဆိုပါအသိပညာပေး ဆွေးနွေးပွဲသို့ အခွန်ထမ်းပြည်သူ ၂၀ တက်ရောက်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ဖယ်ခုံမြို့နယ်၌ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြစို့ အသိပေးပိုစတာကို စိုက်ထူ

**ဖယ်ခုံ အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြစို့ အသိပေးပိုစတာကို အောက်တိုဘာ ၁၁ ရက်မှစ၍ ဖယ်ခုံမြို့ ပြည်ထောင်စုလမ်းမအဝိုင်းပတ်ဘေးနေရာ၌ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် စိုက်ထူထားကြောင်း သိရသည်။

အဆိုပါ အသိပေးမြေစိုက်ပိုစတာစိုက်ထူခြင်းတွင် ဖယ်ခုံမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## မတ္တရာမြို့နယ်ရှိ လျှောင်ဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ အမိုးသွပ်များ လှူဒါန်း

**မတ္တရာ အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသော အမိုးသွပ်များကို



မတ္တရာမြို့နယ်ရှိ လေျှာင်ဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက် အောင်သာကံမြင့်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သံဃနာယကအကျိုးတော်ဆောင် အောင်မြေသုခကျောင်းတိုက် ဆရာတော်က ဩဝါဒချီးမြှင့်တော်မူခဲ့သည်။ ထို့နောက် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က မတ္တရာမြို့နယ်ရှိ လျှောင်ဘေးသင့်ဘုန်းတော်ကြီးကျောင်း ၁၅ ကျောင်းသို့ အမိုးသွပ်ချပ် ၇၁၁ ချပ်နှင့် ခေါင်အုပ်သွပ် ၅၆ ချပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြင်းခြံမြို့၌ အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**မြင်းခြံ အောက်တိုဘာ ၁၄**

မြင်းခြံမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ အောက်တိုဘာ ၁၂ ရက်က၂၀၂၅-၂၀၂၆ ပညာသင်နှစ် အလယ်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲများ ပြုလုပ်သည်။



အဆိုပါပြိုင်ပွဲတွင် မြို့နယ်ပညာရေးမှူး ဦးမိုးကျော်က အမှာစကားနှင့် ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ ဆက်လက်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အလယ်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြရာ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် မြင်းခြံမြို့ရှိ အလယ်တန်းအဆင့် ကျောင်းသား ၅၀၊ ကျောင်းသူ ၆၈ ဦး စုစုပေါင်း ၁၁၈ ဦးတို့က လည်းကောင်း၊ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ၆၂ ဦး၊ ကျောင်းသူ ၇၁ ဦး စုစုပေါင်း ၁၃၃ တို့ကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

## မြို့နယ်အဆင့် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် စွမ်းရည်ပြိုင်ပွဲကျင်းပ

**မိုင်းဖြတ် အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြို့နယ်အဆင့် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၃ ရက်က အခြေခံပညာအထက်တန်းကျောင်း (မိုင်းဖြတ်)၌ ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် တာဝန်ရှိသူများက ပြိုင်ပွဲဝင်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၇ ဦး၊ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၄ ဦး စုစုပေါင်း ၅၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ငါးသိုင်းချောင်းမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ငါးသိုင်းချောင်း အောက်တိုဘာ ၁၄**

ငါးသိုင်းချောင်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရေကြည်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တက်ဆိပ်ကျောင်း၌ ယမန်နေ့က ကျင်းပသည်။



အခမ်းအနားတွင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တက်ဆိပ်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်မာဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်ခင်မာလာအောင်က လူငယ်နှင့်ရည်မှန်းချက် ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် ဦးခင်မောင်မြင့် (ခေတ်ပုံကျွမ်းကျင်-၂)က ဦးနှောက်ဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရေကြည်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဦးဝေယံထွန်းက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရေကြည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအေးမင်းလတ်က လူငယ်နှင့် အစားအသောက်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရေကြည်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ဒုတိယမြို့နယ်တပ်ဖွဲ့မှူး ဦးခင်မောင်သန်းက ကြက်ခြေနီအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောသည်။

ငါးသိုင်းချောင်း(ပြန်/ဆက်)

## မိုင်းယောင်းမြို့၌ MSME နှင့်ပတ်သက်၍ အသိပညာပေး

**မိုင်းယောင်း အောက်တိုဘာ ၁၄**

မိုင်းယောင်းမြို့၌ နိုင်ငံ့စီးပွား မြှင့်တင်ရေး MSME လုပ်ငန်းများ အားပေးခေါင်းစဉ်ဖြင့် MSME နှင့် ပတ်သက်၍ အသိပညာပေး စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟို ဌာနခန်းမ၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်နန်းစီဖောင်း (ရုပ်သံကျွမ်းကျင်-၃)က နိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) လုပ်ငန်းများသည် စီးပွားရေးကို နိုင်ငံအနှံ့တိုးတက်စေပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်နိုင်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များစေလျက် ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးနိုင်သည့်အပြင် နိုင်ငံ့စီးပွားကို မြှင့်တင်ပေးကြောင်း ဆွေးနွေးသည်။

မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်းများ ရရှိရေးသည် အရေးကြီးသည့် အချက်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် MSME လုပ်ငန်းများ နိုင်ငံတကာနှင့် တန်းတူ ဖွံ့ဖြိုးတိုးတက်လာစေရန် ဝိုင်းဝန်းမြှင့်တင်အားပေးကြရမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

စိုင်းအောင်ဇော်လင်း



ထန်းတပင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအလိုက် မဲစာရင်းကပ်ထားကြေညာထားရှိမှုနှင့် မြို့နယ်အတွင်းရှိ သတ်မှတ်မဲရုံတည်နေရာများကို အောက်တိုဘာ ၁၃ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ ဇင်မင်းထိုက်(ထန်းတပင်)



တောင်ငူမြို့နယ်အတွင်း မဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများ၌ ကြေညာထားရာ အောက်တိုဘာ ၁၃ ရက်က ရပ်ကွက်နေပြည်သူများ လာရောက်ကြည့်ရှုစဉ်။

ခရိုင်(ပြန်/ဆက်)



ပေါင်မြို့နယ်၌ သတ်မှတ်ရပ်ကွက်၊ ကျေးရွာများအလိုက် မဲစာရင်းများကပ်ထားမှုကို အောက်တိုဘာ ၁၃ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များက လိုက်လံစစ်ဆေးစဉ်။ မွန်မလေး(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများစာရင်းအား ရပ်ကွက်များအလိုက် ကပ်ထားကြေညာထားရှိမှုကို အောက်တိုဘာ ၁၂ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစဉ်။ ဟန်စုယဉ်



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မဲဆန္ဒရှင်အမည်စာရင်းများအား ရပ်ကွက်/ကျေးရွာများအလိုက် သတ်မှတ်နေရာများတွင် ကပ်ထားကြေညာထားရာ အောက်တိုဘာ ၁၃ ရက်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တာဝန်ရှိသူများ လိုက်လံစစ်ဆေးစဉ်။ ဝတ်ရည်(ပြန်/ဆက်)

## ရန်ကင်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူစာရင်းများအား နေ့စဉ်ကြီးကြပ်ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ၏ မဲစာရင်းများကို ပထမအကြိမ် ရပ်ကွက်များအလိုက် ကပ်ထားကြေညာထားရာ နေ့စဉ်နှိုးဆော်ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါ မဲစာရင်းကပ်ထားကြေညာခြင်းကို မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် မိမိအမည်မပါဝင်ပါကပုံစံ(၃)ဖြင့်လည်းကောင်း၊ ကန့်ကွက်လိုလျှင်ပုံစံ(၄)ဖြင့်လည်းကောင်း၊ အချက်အအလက်များ မှားယွင်းနေလျှင် ပုံစံ (၄-က)ဖြင့်လည်းကောင်း လျှောက်ထားနိုင်ကြောင်း တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု၍ ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **လှလှထွေး(ပြန်/ဆက်)**

## ကျွန်းလှမြို့နယ်၌ ဆောင်းမြေပဲစိုက်ခင်းအတွင်း ဂျစ်ပ်ဆမ် ထည့်သွင်းအသုံးပြုခြင်း ကွင်းသရုပ်ပြ

**ကျွန်းလှ အောက်တိုဘာ ၁၄**

ကျွန်းလှမြို့နယ်၌ ဆောင်းမြေပဲစိုက်ခင်းအတွင်း ဂျစ်ပ်ဆမ်ထည့်သွင်းအသုံးပြုခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက သစ်ရာမြိုင်ရပ်ကွက် ကွင်းအမှတ်(၄၉၂) တောင်သူ ဦးခင်မောင်ညွန့်၏ ယာမြေ ငါးကေ၌ ကျင်းပသည်။



ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ဂျစ်ပ်ဆမ် စနစ်တကျထည့်သွင်းအသုံးပြုခြင်းဖြင့် မြေဆီလွှာဖွဲ့စည်းတည်ဆောက်မှု တိုးတက်ကောင်းမွန်ခြင်း၊ မြေပဲအတောင့်ကြီးထွားပြီး အစေ့အဆန်ပိုမိုပြည့်ဝခြင်း၊ အထွက်နှုန်းကောင်းခြင်းစသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တောင်သူများအား ဂျစ်ပ်ဆမ်များပေးအပ်၍ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## ကျိုက်လတ်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်

**ကျိုက်လတ် အောက်တိုဘာ ၁၄**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးရုံး၌ ကျင်းပသည်။



ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေထက်ရှိန်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၀ အား အောက်တိုဘာ ၁၄ ရက်မှ ၂၈ ရက်အထိ စာတွေ့ လက်တွေ့ အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ကျိုက်လတ်(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ ဆုံဆို့-မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေး

**မိုးနဲ အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို အောက်တိုဘာ ၁၃ ရက်က ဥယျာဉ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းစုရပ်၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇင်မီဟန်၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာအထက်တန်းကျောင်း၊ နောင်ကျော့အလက (ခွဲ)ကျောင်း၊ ဥယျာဉ်အမကကျောင်းနှင့် နမ့်မော်လေ အမကကျောင်းရှိ အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်အောက် ကျောင်းသား ကျောင်းသူ ၉၉ ဦးကို ဆုံဆို့-မေးခိုင်ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံပေးခြင်းနှင့် အသက် ကိုးနှစ်ပြည့်ပြီး



၁၀ နှစ်အောက် ကျောင်းသူ ၅၀ အား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ပခုက္ကူမြို့၌ စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်

**ပခုက္ကူ အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး (၃၂)ကြိမ် မြောက် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူးစာရေး ဆရာမ အသွင်ဆန်း(ပခုက္ကူ)က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဝင် စာရေးဆရာ ချောင်းဆုံ(မျိုးချစ်)က ပြောင်းလဲပုံအဆင့်ဆင့် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ သက္ကရာဇ်အကြောင်း ဦးဆောင်ဆွေးနွေးရာ တက်ရောက်လာသည့် မြို့နယ်စာရေးဆရာအသင်းဝင် စာရေးဆရာဆရာမများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တွဲဖက် ဝန်ထမ်းများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

## မအူပင်မြို့၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး

**မအူပင် အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အောက်တိုဘာ ၁၃ ရက်က ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာထွေးနှင့် ဒုတိယဦးစီးမှူး ဒေါ်ဆင့်ဆင့်ဝေတို့က ရွေးကောက်ပွဲ၏အဓိပ္ပာယ်၊ ခေတ်သစ်ကိုယ်စားပြု ဒီမိုကရေစီစနစ် စတင်ကျင့်သုံးလာပုံ၊ သွင်ပြင်လက္ခဏာရပ်၊ ဒီမိုကရေစီ၏ အနှစ်သာရ၊ တန်ဖိုးကြီးလှသောဆန္ဒမဲများနှင့် ပြည်သူလူထု၏ ဆုံးဖြတ်ချက်အရည်အသွေးကား ရွေးကောက်ပွဲရလဒ် စသည့်အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**



## ချောင်းဆုံမြို့နယ်၌ အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့် စွမ်းရည်ပြိုင်ပွဲကျင်းပ

**ချောင်းဆုံ အောက်တိုဘာ ၁၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာ(ထက်၊လယ်၊မူ)ကျောင်းများမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ၏ မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က ချောင်းဆုံ(အထက) ကျောင်း၌ ပြုလုပ်သည်။

အဆိုပါ စွမ်းရည်ပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၁၁ ကျောင်းမှ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ပြီး အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ ၁၄၁ ဦး၊ သင်္ချာစွမ်းရည်ပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ ၁၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**



## သဲကုန်းမြို့နယ်၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲကျင်းပ

**သဲကုန်း အောက်တိုဘာ ၁၄**

သဲကုန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း(သဲကုန်း)၌ ကျင်းပသည်။

အဆိုပါစွမ်းရည်ပြိုင်ပွဲများကို မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာမကြီးများနှင့် ဆရာ ဆရာမများ၏ ကြီးကြပ်မှုဖြင့် သဲကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများနှင့် အလယ်တန်းကျောင်းများမှ မူလတန်းအဆင့် ၉၅ ဦး၊ အလယ်တန်းအဆင့် ၁၆၉ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၆၄ ဦး ဖြေဆိုယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ကိုကျော်(ပြန်/ဆက်)**



## ကျောင်းကုန်းမြို့၌ ကော်ဖီပျိုးပင် ၉၇၀ ပေးအပ်

**ကျောင်းကုန်း အောက်တိုဘာ ၁၄**

ကျောင်းကုန်းမြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အေးချမ်းသာယာခန်းမ၌ ကော်ဖီပျိုးပင်များ ပေးအပ်ပွဲကို အောက်တိုဘာ ၁၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုဦးက အမှာစကားပြောကြားပြီး ကော်ဖီပျိုးပင် ၉၇၀ ကို တာဝန်ရှိသူများက ပေးအပ်သည်။ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာစာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## သီးနှံများပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးသင်တန်းများဖွင့်

**လယ်ဝေး အောက်တိုဘာ ၁၄**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် အောက်တိုဘာ ၁၃ ရက်က လယ်ဝေးမြို့နယ် ဝက္ကမူကျေးရွာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသီးနှံများ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးသင်တန်း ဖွင့်လှစ်နေမှုနှင့် အေလာကျေးရွာတွင် မိုးစပါးစံကွက် ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးသည်။

**ညှိနှိုင်းဖြည့်ဆည်း**

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် တာဝန်ရှိသူများနှင့်အတူ ဝက္ကမူကျေးရွာတွင် ဖွင့်လှစ်သည့်သီးနှံများ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးသင်တန်းဖွင့်လှစ်နေမှုကို ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ယခုသင်တန်းတွင်သင်ကြားပေးသည့် နည်းစနစ်များကို လက်တွေ့အသုံးပြုခြင်းဖြင့် တောင်သူများစိုက်ပျိုးထုတ်လုပ်သည့် သီးနှံများ အရည်အသွေးပြည့်မီပြီး နိုင်ငံတကာ ဈေးကွက်ဝင်သည့် တန်ဖိုးမြင့်ထွက်ကုန်များ ဖြစ်လာမည်ဖြစ်ကြောင်းပြောကြားပြီး ဒေသခံ တောင်သူများတင်ပြသည့် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် အေလာကန်ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားသည့် တောင်သူဦးသန်းဝင်းအောင်၏ နံကောက် မိုးစပါးစိုက်ကေ ၃၀ တွင် စံကွက် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျေးရွာပေါင်း ၃၀ အား အကျိုးပြုသည့် ကြခတ်ကုန်းတံတား တည်ဆောက်ပြီးစီး

**ဝါးခယ်မ အောက်တိုဘာ ၁၄**

ဝါးခယ်မမြို့နယ် ကြခတ်ကုန်း-ကျောင်းစု-ကလ ကျေးရွာချင်းဆက်လမ်းပေါ်တွင်တည်ရှိသော ကြခတ်ကုန်းတံတား အရှည်ပေ ၆၀၊ အကျယ်ပေ ၂၀ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း (ပထမပိုင်း) လုပ်ငန်းအား ပြင်ပဆောက်လုပ်ရေးဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး တံတားတည်ဆောက်ခြင်း (ဒုတိယပိုင်း)လုပ်ငန်းအား တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကြက်ခတ်ကုန်း တံတား၏ စုစုပေါင်း ကုန်ကျငွေ ကျပ်သန်း ၃၂၉ ရှိပြီး တံတားတည်ဆောက်ပြီးစီးမှုကြောင့် ကျေးရွာ ၃၀ သွားလာမှုလွယ်ကူစေမည့်အပြင် လူမှုစီးပွားဘဝများ အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**



## ကျိုက်ထိုမြို့နယ်၌ ဆေးလိပ်နှင့်ဆေးရွက်ကြီးကင်းစင်ကျောင်းများ အရှိန်အဟုန်မြှင့်တင်ရေး ဆွေးနွေး

**ကျိုက်ထို အောက်တိုဘာ ၁၄**

ကျိုက်ထိုမြို့နယ်၌ ဆေးလိပ်နှင့်ဆေးရွက်ကြီးကင်းစင်ကျောင်းများ အရှိန်အဟုန်မြှင့်တင်ရေး အသိပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ ရက်က မြို့နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၈၄ ဦး တက်ရောက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာခွန်မောင်အိုးက အမှာစကားပြောကြားပြီး ကျန်းမာရေးမှူးအဆင့်(၁) ဦးထွန်းညီညီနှင့် ကျန်းမာရေးဆရာမ ဒေါ်သော်တာစိုးတို့က ဆေးလိပ်ဆေးရွက်ကြီးထွက်ပစ္စည်းများ၊ ဆေးလိပ်အစားထိုးပစ္စည်းများ၊ ဆေးလိပ်ငွေ့အန္တရာယ်၊ ဆေးလိပ် နှင့် ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့်ရရှိနိုင်သောရောဂါများ၊ ဆေးလိပ်ဖြတ်ခြင်းကြောင့် ရရှိနိုင်သောအကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြခဲ့သည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**

## ပေါက်ခေါင်းမြို့နယ် မူလွန်(ရွာထောင်)ကျောင်း၌ စာဖတ်ရိုန်မြှင့်တင်ရေးဟောပြော

**ပေါက်ခေါင်း အောက်တိုဘာ ၁၄**

ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ



စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးလုပ်ငန်းများအား မူလွန်(ရွာထောင်)ကျောင်း၌ ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ ဖြစ်လာစေရန်၊ ကျောင်းသားလူငယ်များအား ကျောင်းစာအပြင် ပြင်ပ ဗဟုသုတများရရှိစေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန် စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်ဇင်ဇင်မင်းမောင်က လူငယ်နှင့်စာဖတ်ခြင်းအကြောင်းနှင့် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်သင်းသင်းထွေးက လူငယ်နှင့်မူးယစ်ဆေးဝါးအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**



## ပန်းတောင်းမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး

**ပန်းတောင်း အောက်တိုဘာ ၁၄**

ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အမက ကန့်ကူကျောင်းနှင့် အမက ဆင်လူးကျောင်းများ၌ ယမန်နေ့က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက ကလေးအလုပ်သမားပပျောက်ရေးအတွက် ကလေးသူငယ်များ ဗဟုသုတရရှိစေရန် ကလေးအလုပ်သမား၏အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အလုပ်လုပ်ကိုင်နိုင်သော အနိမ့်ဆုံး အသက်အရွယ်၊ ပြစ်မှုပြစ်ဒဏ်များနှင့် ဆက်သွယ်တိုင်တန်းနိုင်သော ဖုန်းနံပါတ်များ စသည့်အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့ပြီး အလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များ ပြသခဲ့သည်။

**လပြည့်လင်း (ပြန်/ဆက်)**

## ညောင်ဦးမြို့နယ် ရှင်မိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး အောက်တိုဘာ ၁၄**

ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှင်မိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဦးက ကျေးလက်နေပြည်သူများ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းလုပ်ငန်းစဉ်ပါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရှင်မိန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၂၈ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆ ဦးကို ငွေကျပ် ၁ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄ ဦးကို



ငွေကျပ် ၂ သန်း စုစုပေါင်း အသင်းသား အသင်းသူ ၆၄ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## တောင်ငူမြို့၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**တောင်ငူ အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထက (၁)၌ တောင်ငူမြို့နယ် အတွင်းရှိ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့်သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့က ကျင်းပသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါ အင်္ဂလိပ်စာနှင့်သင်္ချာ ဘာသာရပ် စွမ်းရည်ပြိုင်ပွဲကို တောင်ငူမြို့နယ်အတွင်းရှိ အခြေခံ



ပညာကျောင်းများ၊ ကိုယ်ပိုင် ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ အင်္ဂလိပ်စာဘာသာရပ် စွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၂၄ ဦး၊ သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲတွင် ၁၃၈ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၆၂ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ဂ ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

( င ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/nurse(male))တွင် ဝင်ရောက် လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော် ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

( ခ ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

( ဂ ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

( င ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

( စ ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

**တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်**

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## လုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသားအား အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ ဓမ္မစေတီရပ်ကွက်၊ ရှုခင်းသာလမ်းတွင် ကျွန်တော် ဦးအောင်မြင့်သိန်း (ဘ) ဦးခင်မောင်မြင့် ၁၀/သဖရ(နိုင်) ၀၇၁၅၆၁ မှ **"ရှုခင်းသာ"** သောက်ရေသန့်တံဆိပ်အမည် အမှတ်အသားအား (၁၃-၁၀-၂၀၂၅) ရက်တွင် သံဖြူဇရပ်မြို့နယ် စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။




အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် သောက်ရေသန့် အမျိုးမျိုးကို ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမှတ်အသားကို အခြားသူတစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊ အခြားအဖွဲ့အစည်းမှသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပုံတူပုံမှား၊ ဆင်တူယိုးမှား ပြုလုပ်သုံးစွဲနေသည်ကို မြင်တွေ့ကြားသိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် ကုန်ကျစရိတ်အဝဝကို လျော်ကြေးငွေများ တောင်းဆိုသွားရန်နှင့် သံဖြူဇရပ်မြို့နယ်တရားရုံးတွင် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တုပပြုလုပ်သူနှင့် တုပပြုလုပ်သည့် တံဆိပ်အမှတ်အသားများကို တရားဝင်ပယ်ဖျက်ပေးသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။ အထက်ဖော်ပြပါ လုပ်ငန်းအမှတ်အသားတံဆိပ်အား သုံးစွဲခြင်းကို ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးအောင်မြင့်သိန်း**
**၁၀/သဖရ(နိုင်)၀၇၁၅၆၁**
**အမှတ်(၃၄)၊ ဝိဇယလမ်း၊ အောင်သုခရပ်ကွက်၊ ကျိုက္ခမီမြို့၊ ဖုန်း-၀၉-၄၂၉၈၂၀၈၁၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေ အမိန့် -၅ ၊ နည်းဥပဒေ -၂၀)
## ကျိုက်ထိုခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၆

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက် (၎င်းဘဏ်၏ကိုယ်စား ဒေါ်ဘေဘီသိန်း၊ ဘဏ်ခွဲတာဝန်ခံ၊ ကျိုက်ထိုဘဏ်ခွဲ ) | နှင့် | ၁။ ဦးကျော်မောင်မောင်လွင် ၂။ ဒေါ်အိမွန်အေး ၃။ ဦးကျော်ညီညီလွင် |
| **တရားလို** | | **တရားပြိုင်များ** |

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့၊ တောင်ပိုင်းရပ်ကွက်၊ ဘောဂ (၁)လမ်း၊ အိမ်အမှတ်(၂၁၃)နေ (၁)တရားပြိုင် ဦးကျော်မောင်မောင်လွင် (ဘ) ဦးအေးနိုင်၊ (၂)တရားပြိုင် ဒေါ်အိမွန်အေး (ဘ)ဦးအေးနိုင်နှင့် (၃)တရားပြိုင် ဦးကျော်ညီညီလွင် (ဘ)ဦးအေးနိုင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ကမ္ဘောဇဘဏ်လီမိတက် (၎င်းဘဏ်၏ကိုယ်စား ဒေါ်ဘေဘီသိန်း၊ ဘဏ်ခွဲတာဝန်ခံ၊ ကျိုက်ထိုဘဏ်ခွဲ)က (၃၁-၈-၂၀၂၅)ရက်အထိ ပျက်ကွက်ချေးငွေအတိုးနှင့် ဒဏ်ကြေးငွေအကြွေးစုစုပေါင်း (၆၅၁၃၄၁၅၂.၃၈) ကျပ်အတွက် အပေါင်ဒီကရီရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ရက်(၁၃၈၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မွန်ရည်အေး)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျိုက်ထိုခရိုင်တရားရုံး**

## မိဘအမည်မှန်

ဟုမ္မလင်းမြို့၊ အထက(၁) ကျောင်းမှ မောင်ကျန်စစ်ထောင် G-12 (F)၏ မိဘအမည်မှန်မှာ ဦးရှူးစန်းကြူး ၅/ဟမလ(နိုင်) ၀၅၁၉၂နှင့် ဒေါ်လစ်စစ်ရှီး ၅/လရန(နိုင်)၀၀၆၂၅၉ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံး

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် (ဘ)ဦးသန်းအောင်၏သား မောင်ဟန်ဇော် ၁၀/သဖရ(နိုင်) ၁၀၈၆၄၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၇၇၄၇၅၁၉၂**

## အများသိစေရန် ကြေညာခြင်း

မြိတ်မြို့၊ ဆိပ်ငယ်ရပ်ကွက်၊ အကွက်အမှတ်(၁၄.BS)၊ အကွက်အမည်၊ ဆိပ်ငယ်ကွင်း၊ ဦးပိုင်အမှတ်(၇၇+၇၈)၊ ဧရိယာ(၀ဒသမ ၀၅၁)ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်စန္ဒာမြင့် ပါ(၃)ဦးမှ လျှောက်ထားလာသည့် အတွက် ယင်းတို့၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက် ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၂ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက် နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့**

## အများသိစေရန် ကြေညာခြင်း

မြိတ်မြို့၊ ဆိပ်ငယ်ရပ်ကွက်၊ အကွက်အမှတ်(၁၄.BS)၊ အကွက်အမည်၊ ဆိပ်ငယ်ကွင်း၊ ဦးပိုင်အမှတ်(၇၉)၊ ဧရိယာ(၀ဒသမ၀၅၃)ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်မြင့်ကြူ ပါ(၆)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၂ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက် နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့**

## အများသိစေရန် ကြေညာခြင်း

ပုလောမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကွင်းအမှတ်(G)၊ ပိတောက်ပင်အောက်ကွင်း၊ ဦးပိုင်အမှတ်(၇၄)၊ (၇၅.ခ)၊ မြေဧရိယာ(၀ဒသမ၀၄၁)ဧကကို ဘိုးဘပိုင် အမည်ပြောင်းပေးရန် ဒေါ်ဌေးဌေးလှိုင်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက် နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုလောမြို့**

## အများသိစေရန်ကြေညာချက်

သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဥယျာဉ်အိမ်ရာ၊ နှင်းပန်း(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၅၂+၅၃ (နှင်းဥယျာဉ်အိမ်ရာ)၊ မြေကွက်အမှတ်(၁၂၈/ခ)တွင် (၃)ထပ်တိုက် (Slab Roof) (မိသားစုနေအိမ်) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ (၃)နှစ်ပါမစ်မြေအမည်ပေါက် မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင် အမှတ်(၁၂၈၆၁၅၈၂၂)မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြထားသော မြေပိုင်ဆိုင်မှု (၃)နှစ်သက်တမ်း ပါမစ်မြေအမျိုးအစားအထောက်အထားပါ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်မှာ သက်တမ်းကျော်လွန်နေသဖြင့် အဆောက်အဦ ဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက် အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/37724, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသန့် ၁၄/ဟသတ(နိုင်)၂၂၁၇၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ ရွှေညောင်-၂/အောင်သပြေ ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည် (၄၂/စက်မှုလယ်ယာရပ်)၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၀.၂၀၆)ဧကရှိ ဒေါ်ပုကြည် အမည်ပေါက် မြေကွက်အား သမီးဖြစ် သူ ဒေါ်ခင်စိုးဝင်း ထံမှဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားစုံလင်စွာဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်အား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်နာမီး(၁၃/တကန(နိုင်)၁၂၅၁၄၈)**
**ဖုန်း-၀၉-၇၈၈၄၃၁၆၇၈**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ရွှေတောင် ရပ်ကွက်နေ (ဘ)ဦးဝင်းနောင် ၏ သမီး မသီတာထွန်း (၁၃/တကန (နိုင်)၁၉၁၃၅၈) ၏ နိုင်ငံကူး လက်မှတ်အမှတ် (MA-340563) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ ရန်။ **ဖုန်း-၀၉ ၂၆၈၆၂၁၉၇၈**

## အမည်မှန်၊ မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ဟိုပန်မြို့၊ ရုံးကုန်းရပ်ကွက်နေ ဦးဝင်းမြင့်၏သမီး မစန္ဒာဝင်း၏ အမည်မှန်မှာ မနန်းစန္ဒာဝင်း ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၁၀-၉-၂၀၀၅) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၂) ရပ်ကွက်တွင် တည်ရှိသော တောင်ကြီးဥယျာဉ်အိမ်ရာ စီမံကိန်းအတွင်းနေ ဦးနန္ဒဝင်းမှ “Thitsar" အမည်အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် ဆောင်ရွက်စီစဉ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာချက်ပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ဦးနန္ဒဝင်းထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့် ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြော်ငြာချက်နှင့်အတူ အသုံးပြုလို သော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဦးနန္ဒဝင်း (၁၃/ကမန(နိုင်)၀၀၃၀၂၉)**
**ဖုန်း-09-260217140၊ 09- 695217140**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်၊ မြေတိုင်း အမှတ်(၄၅)၊ ပေါ်တော်မူ(၃)လမ်း၊ အမှတ်(၅၈၅)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၂၀ x ၆၀)ရှိသော ခြံမြေနှင့် ယင်းခြံမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသန်းစိုး ၁၁/စတန(နိုင်) ၀၉၂၃၄က ဦးဖြူလှမောင် ၁၁/ကတန(နိုင်) ၀၃၄၇၆၄ အမည်ပေါက် မြေချပါမစ်မူရင်းနှင့် အတူ ဦးဖြူလှမောင်ထံမှ ဝယ်ယူ၍ လက်ရှိထား နေထိုင်ပိုင်ဆိုင်လျက် ရှိပါသည်။ ထို့ကြောင့် အထက်ပါနေအိမ်ခြံမြေသည် ဒေါ်အေးသန်းစိုး တစ်ဦးတည်းသာ လက်ရှိထားနေထိုင်ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသန်းစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုဝင်းမာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၀၉)**
**အမှတ်(၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၉၃၃၅၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/96617, NEW ZHINENG 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းအောင် ၁၂/ဗဟန(နိုင်)၀၉၂၅၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/1170 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ဖောင်းကြွထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။ **ကညန၊ တောင်ကြီး**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်မာအေး(ဘ)ဦးလှငွေ ၈/ပမန(နိုင်)၁၀၁၂၀၈နှင့် ဦးရှိန်းထက်(ဘ)ဦးကျော်ကျော် ၁၄/နေဖ(နိုင်)၁၃၄၂၀၂တို့သည် လွန်ခဲ့သော (၁၇-၇-၂၀၁၆)ရက်တွင် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ သား(၁)ဦးထွန်းကားခဲ့ပါသည်။ ဦးရှိန်းထက်သည် ကျွန်ုပ်၏မိတ်ဆွေ အနေဖြင့် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုမူဆောင်ရွက်လာ သည်ကို ပြောဆိုဆုံးမရာ ဦးရှိန်းထက်မှလက်မခံဘဲ နေအိမ်မှ ဆင်းသွားခဲ့ပါ သည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ လူကြီးမင်းအား တရားဝင်အကြင် လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိတော့၍ ကွာရှင်းပြတ်စဲလို သည့်အပြင် ဦးရှိန်းထက်ပြုလုပ်နေသည့် စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့နှင့် စပ်လျဉ်းပြီး လုံးဝ(လုံးဝ)တာဝန်မယူကြောင်း ကျွန်ုပ်မိတ်ဆွေ၏ ညွှန်ကြား ချက်နှင့်အညီ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာအေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပြုံးမောင်မောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၅၉၂၈(၃- ၉-၂၀၁၉)**
**၆/၂၇၊ မင်္ဂလာရပ်၊ ပျဉ်းမနားမြို့**
**ဖုန်း-09-43015523**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြဝတီမင်းကြီးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ မြေကွက်အမှတ်(၇၂၈) အကျယ်အဝန်း(၄၀ပေx၆၀ပေ)အကျယ်ရှိ ဒေါ်ခင်ရင်မြ(ISN-176338)(၁၂/ဥကမ(နိုင်)၀၅၈၄၂၂) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလွင်မျိုးနိုင်(၁၂/ဥကမ (နိုင်)၁၉၃၅၆၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ သည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါကဤကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့် အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာအေး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၃၉၅)**
**အမှတ်(၆၃၇)၊ ရာကျော်လမ်း၊ (၉)ရပ်ကွက်၊ အရှေ့(ဒဂုံ)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၆၈၂၇၈၇၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/98835, Honda Scoopy- 110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်း ၉/ခအဇ(နိုင်)၀၀၈၅၈၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/38207, Sanbo- 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်း ၉/ခအဇ (နိုင်)၀၀၈၅၈၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/42497, Luojia 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ငွေ ၈/မထန(နိုင်) ၀၄၈၂၁၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးသိန်း-ဒေါ်လှမြိုင်တို့၏သမီး မဝင်းမင်းသိန်း ၁၂/မရက(နိုင်) ၁၅၇၅၅၉ သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒ အလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှမြိုင် ၁၂/မရက(နိုင်) ၀၆၈၄၁၁**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 16U/4198 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 35W/49550 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၂**

၁။ ဦးအောင်ရည်မွန် နှင့် ၁။ ဒေါ်တင်ဌေးမူ
၂။ ဒေါ်ချိုသက်ဟန် ၂။ ဦးထွန်းတင်အောင်
၃။ ဦးဇော်လင်းမောင်
၄။ ဒေါ်ခင်စိုးလွင်

**တရားလိုများ** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၂)လမ်း၊ အမှတ်(၇၉၅)နေ ဒေါ်တင်ဌေးမူ၊ ဦးထွန်းတင်အောင်၊ ဦးဇော်လင်းမောင် နှင့် ဒေါ်ခင်စိုးလွင် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

တရားလိုများက သင့်တို့အပေါ်၌ ပဋိညာဉ်အတိုင်း မြေကွက်နှင့် နေအိမ်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေသော်သော်ဝင်း)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အဝိုင်းအုပ်စု၊ ကျောင်းစုကျေးရွာနေ (ဘ)ဦးအောင်နိုင် ၇/ပခန(နိုင်) ၀၆၆၀၆၄နှင့် (မိ)ဒေါ်ရီရီသိန်း ၇/ပခန(နိုင်) ၀၆၆၂၇၁တို့၏သား မောင်ထိန်လင်းအောင် ၇/ပခန(နိုင်) ၃၃၀၂၃၁သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နိုင် ၇/ပခန(နိုင်)၀၆၆၀၆၄**

## ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မိချောင်းကန် (၃) ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် - ၂၂ နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးမြတ်(ဘ) ဦးကျော်လင်း (၉/ခအဇ(နိုင်)၀၀၀၉၃၉)၏ လွှဲအပ်ညွှန်ကြား ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးမြတ်က ရန်ကုန်မြို့စာချုပ် စာတမ်း မှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် - ၃၅၁၈/၂၀၂၂ (၃-၃-၂၀၂၂) ဖြင့် (ဘ)ဦးဝင်းမြင့်အောင်၏သမီးဖြစ်သူ ဒေါ်သရဖီဝင်း ၈/မလန(နိုင်) ၀၇၃၆၉၃သို့ လွှဲအပ်ထားသောကိုယ်စားလှယ်လွှဲစာမှာ သက်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ပြီးစီးပြီးဖြစ်သဖြင့် ယနေ့မှစ၍ ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန်ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးမြင့်အောင်** **ဦးအေးမင်းသူ**
**စဉ်-၂၅၁၆၅** **စဉ်-၂၆၁၉၉**
**အထက်တန်းရှေ့နေများ**
**အမှတ် - ၅၈/၆၀ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၄)လမ်း၊ အပိုင်း(၄)၊ ပထမထပ်သည်အမှတ်(၆၀၂)ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ဆိုင်ခွင့်ရှိသော ဒေါ်သိင်္ဂီနိုင် ၁၁/တကန(နိုင်) ၀၅၉၃၉၇ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက ဝယ်ယူပိုင်ဆိုင်ရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါကကျွန်ုပ်တို့ထံသို့စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာနည်နေဝင်း** **ဒေါ်ခင်နီလာအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၇၃)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၉၃)**
**ဖုန်း-၀၉-၄၃၀၈၁၆၉၄၊ ၀၉-၅၂၂၈၁၆၅**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/9719, SHWE MANGALARCLJ, PICK UP (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းစိုး ၅/ကနန(နိုင်) ၀၅၉၅၉၁ မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/65128, Yamaha Spark 115, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် ၅/ခဥတ(နိုင်) ၀၀၃၁၇၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ ၁နှင့် ၅)**
**မုံရွာမြို့နယ်တရားရုံးတော်၌**
**၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄**

ဒေါ်သဲစုငြိမ်း နှင့် ဦးဇေယျာဦး
**တရားလို** **တရားပြိုင်**

မုံရွာမြို့၊ မိုယ်းကောင်းလမ်း၊ သလ္လာ(၁၀)ရပ်ကွက်နေ တရားပြိုင် ဦးဇေယျာဦး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သဲစုငြိမ်းက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၀ရက်(၁၃၈၇ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၁၀ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စောစွမ်းထက်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**မုံရွာမြို့နယ်တရားရုံး**

# မြေကွက်ရောင်းရန်ရှိသည်

ဧမိုင်ပေါက်စေတီအနီး
မြေပိုင်မြေ
ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၅၅၅၃၇၄၁
ရုံးချိန်အတွင်းသာ
ဆက်သွယ်စုံစမ်းပေးပါရန်။

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ သုဝဏ္ဏ၊ လူနေရပ်ကွက်အမှတ်-လူသုံးကုန်စက်ရုံအနီး၊ မြေကွက်အမှတ် ၃၊ မြေဧရိယာ (၀.၁၂၂)ဧကအကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၃၊ ပေါ်ဆန်းမွှေးလမ်း၊ (၃၀)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော RC(၂) ထပ်တိုက် အဆောက်အအုံ(၁)လုံးအပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဝင်းဝင်းထွန်း(ခ)ဒေါ်ခင်သီတာဝင်း (ဘ)ဦးဝင်းမြင့် (၁၂/သဃက(နိုင်)၀၁၂၉၅၇)ထံမှဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်ဝင်းမြင့်(B.Sc, PHDL )** **ဒေါ်ခင်မြတ်သူ(H.G.P.LL.B.D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)**
**အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့** **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၇၁၄၃၃** **ဖုန်း-၀၉၈၆၃၅၁၂၂၊**
**၀၉-၂၅၄၄၈၈၃၃၀**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/5835 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## အများသိစေရန်

